ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ အင်္ဂါနေ့၊ (7-2-2006) (၄၈၆၄)

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်လျက်ရှိကြရာ “အသီးတစ်ရာ အညှာတစ်ခု”ဆိုသည့်အတိုင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဌာန်ကွဲပြားသယောင် ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်မှာ အခြေပြုထားသည်ဖြစ်၍ အညှာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားချင်းများ ဖြစ်ကြပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၄၆)နှစ်မြောက်ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

ဘိုးဘွားအမွေ ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ခိုင်မြဲရန် စည်းစည်းလုံးလုံး လက်တွဲကြိုးပမ်း အဖျက်သမားများက တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အဓိကပစ်မှတ်ထား သွေးခွဲသပ်လျှိုလျက်ရှိ လုပ်ကြံဖန်တီး သွေးခွဲသပ်လျှိုမှုများ၏ ဆိုးညစ်သည့်ရည်ရွယ်ချက်နှင့် ကြီးမားသည့်အန္တရာယ်ကို ပြည်သူအားလုံး အမြင်ရှင်းရှင်းသိနိုင်ရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖယ်ရှားနိုင်ရန် ပညာပေးစည်းရုံး

ရန်ကုန် ဖေဖော်ဝါရီ ၆

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမဦကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုများကို ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များ၊ အထက်မြန်မာပြည် တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများနှင့် သင်တန်းသား၊ သင်တန်းသူ အခြေခံပညာ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၇-၂-၂၀၀၆
(အင်္ဂါနေ့)

ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ်ရှင်သန်စေရေးကြိုးပမ်း အလေ့အကျင့်ကောင်းများရရှိလာအောင်လေ့ကျင့်သင်ကြား

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက် လာစေရန် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ တစ်ချိန်တည်းတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇) ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဖော်ဆောင်ရာတွင် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သည့် အမျိုးသားပညာရည် မြင့်မားစေရေးအတွက် အစီအစဉ်များချမှတ်ပြီး မျိုးဆက်သစ်လူငယ်များအား လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံ ပညာကဏ္ဍတို့တွင် နှစ်ရှည်စီမံကိန်းများ ချမှတ်ဖော်ဆောင်ရင်း ကျောင်းများ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ဆရာ၊ ဆရာမများအပါအဝင် လိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၁)စစ်မှုထမ်းဟောင်း စံပြရွာ(လေးထောင့်ကန်) အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၂၈ ရက်နေ့က ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှ အရေးကြီးလှသည့် တစ်စိတ်တစ်ဝမ်းတည်းသော ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းရှင်သန်နေရေးအတွက် လေ့ကျင့်ပေးကြရန် မှာကြားလိုကြောင်း** ပြောကြားသွားသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အသိပညာရှင်နှင့် အတတ်ပညာရှင်များ၏ စွမ်းအားသည် အဓိကကျသည်။ ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေး အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ရာတွင် အရည်အသွေးရော အရည်အချင်းပါ ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် အဘက်ဘက်က စီမံဆောင်ရွက်လျက်ရှိသည်။

ယခုအခါ တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ခြောက်သောင်းကျော်၌ အထက်တန်း၊ အလယ်တန်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ထားရှိရာ ဆရာ၊ ဆရာမပေါင်း ၂၅၀၀၀၀ ကျော်ကို ခန့်ထားပေးပြီးဖြစ်သည်။

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ ပညာအရည်အသွေးပြည့်ဝနေစေရေးအတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရန်လိုအပ်သကဲ့သို့ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူလူငယ်များကိုလည်း ဘက်စုံထူးချွန်သည့် သားကောင်း သမီးမွန်များအဖြစ် ဖြစ်ထွန်းလာစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

လူငယ်လူရွယ်များအား အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် ပျိုးထောင်ပေးရာတွင် တစ်စိတ်တစ်ဝမ်းတည်းသော ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းရှင်သန်နေရေးအတွက် လေ့ကျင့်ပေးကြရမည်ဖြစ်သကဲ့သို့ ငယ်စဉ်ကပင် ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းများ လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာ စေရေးအတွက်လည်း လေ့ကျင့်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများအနေဖြင့် ဘက်စုံထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်လျက်ရှိရာတွင် ကျောင်းသား၊ ကျောင်းသူလူငယ်များအား ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှ အရေးကြီးလှသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ကိန်းအောင်း ရှင်သန်နေရေးနှင့် နိုင်ငံတော်၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာရေး စနစ်တကျ လေ့ကျင့်သင်ကြားပေးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအားပေးကူညီမှုကြောင့် အနာကြီးရောဂါ၊ ပိုလီယိုရောဂါ စသည့်ရောဂါအန္တရာယ်များ အောင်မြင်စွာတားဆီးနိုင်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် International Medical Centre of Japan (IMCJ) အဖွဲ့တို့ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေးအထိမ်းအမှတ်နေ့အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေး ဗဟိုဌာန အဆောက်အအုံ ခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ပြည်တွင်း ပြည်ပလူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ JICAအဖွဲ့မှ ဌာနေကိုယ်စားလှယ်နှင့် IMCJအဖွဲ့မှ အထူးဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်း ကျန်းမာရေးဦးစီးဌာနများမှ အခြေခံကျန်းမာရေး ဝန်ထမ်းများ၊ စာနယ်ဇင်း၊ ရုပ်ရှင်၊ ဂီတအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ဤအောင်မြင်မှုသည် အနာကြီးရောဂါကင်းဝေးရေး ရည်မှန်းချက်အပေါ် နိုင်ငံတော်အစိုးရ၏ အပြည့်အဝအားပေးထောက်ခံမှု၊ အမျိုးသား ကျန်းမာရေးကော်မတီ၏ လမ်းညွှန်ဦးဆောင်မှု၊ နိုင်ငံအနှံ့အပြားတွင် ဆောင်ရွက်နေသည့် အနာကြီးရောဂါကင်းဝေးရေးလုပ်ငန်းများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးကြိုးကြပ်ပေးမှု၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စသည့်လူမှုရေးအသင်းအဖွဲ့များ၊ စာနယ်ဇင်း၊ ရုပ်ရှင်၊ ဂီတနှင့် ပြည်သူတစ်ရပ်လုံးက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်မှုများနှင့်အတူ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးနှင့်တကွ အပြည်ပြည်ဆိုင်ရာ အနာကြီးရောဂါ တိုက်ဖျက်ရေးအဖွဲ့အစည်းများမှ နည်းပညာနှင့် အရင်းအမြစ်များ ပံ့ပိုးကူညီမှုတို့သည် အောင်မြင်ရေးအတွက် အထူးအထောက်အကူဖြစ်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ဒေသအာဏာပိုင်များ၏ ခိုင်မာသောအားပေးထောက်ခံမှု၊ ပြည်တွင်းမှ အဖွဲ့အစည်း အသီးသီးနှင့်ပြည်သူတစ်ရပ်လုံး၏ စွမ်းအားစုနှင့်တကွ စိတ်ရောကိုယ်ပါမြှုပ်နှံပြီး မဖြစ်မနေဆောင်ရွက်ခဲ့ကြသည့် အနာကြီးရောဂါတိုက်ဖျက်ရေး ဝန်ထမ်းများ၊ အခြေခံ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်မှုတို့သည် အောင်မြင်မှုရခြင်း၏ သော့ချက်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ကျန်းမာရေးဝန်ထမ်းများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ၏ တက်ကြွစွာ ပါဝင်ပူးပေါင်းအားပေးကူညီမှုများကြောင့် အနာကြီးရောဂါ၊ ပိုလီယိုရောဂါစသည့် ရောဂါအန္တရာယ်တွေကို အောင်မြင်စွာတားဆီးနိုင်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်အရ ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် အဓိကလုပ်ငန်းများမှာ –

- **အနာကြီးရောဂါ ကင်းဝေးရေး ရည်မှန်းချက် အောင်မြင်မှုများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်း ထားရန်အတွက် လူနာသစ်များကို ဆက်လက်ရှာဖွေဖော်ထုတ်ကုသသွားရန်၊**
- **အနာကြီးရောဂါကို အခြားရောဂါများနည်းတူ မရှက်မကြောက် ပြသကုသမှု ခံယူကြစေရန်၊ အထူးသဖြင့် ရောဂါဖြစ်စတွင် ကျန်းမာရေး ဌာနများတွင် ပြသပြီး ဆေးကုသခံယူနိုင်ကြရန်အတွက် ကျန်းမာရေးပညာပေး လုပ်ငန်းကို ဆက်လက် ဆောင်ရွက်သွားကြရန်၊**
- **အနာကြီးရောဂါကြောင့် ကိုယ်လက်အင်္ဂါ မသန်စွမ်းမှုမဖြစ်ခင်ကြိုတင် ကာကွယ်ရန်နှင့် ဖြစ်နေဆဲ မသန်စွမ်းမှုများကို ပိုမိုဆိုးရွားသွားခြင်းမှ ကာကွယ်ပေးရန်နှင့် ပြန်လည် ထူထောင်ပေးရန်တို့ ဖြစ်ကြောင်း။**

တတိယအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးသည့် International Medical Centre of Japan ကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အနာကြီးရောဂါ ကင်းဝေးရေးအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသားများအား လည်းကောင်း၊ IMCJ မှ ဒေါက်တာ Mitsuyoshi Maeda က နှစ်သိမ့်ဆုရ ကျောင်းသားများ အားလည်းကောင်း ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက် ဗဟိုကျန်းမာရေး ပညာဌာနမှ ရိုက်ကူးထုတ်လွှင့်သည့် အနာကြီးရောဂါ ကင်းဝေးရေး အသိပညာပေး "မြူတိမ်ကင်းသောနေ့" ဗီဒီယိုဇာတ်လမ်းကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် အခြေခံပညာအဆင့် အနာကြီးရောဂါ ကင်းဝေးရေးအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကို ဂုဏ်ပြုထောက်ခံသောအားဖြင့် ဗိုလ်တထောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးဆောင်ရွက်မှုကို ဇန်နဝါရီ ၂၈ ရက်ကပြုလုပ်ရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးလွင် ဦးဆောင်သည့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ စုပေါင်း၍ (၃)ရပ်ကွက် ကမ်းနားလမ်း မြစ်ထွက်ပေါက်တွင် ရေနုတ်မြောင်းများ ရှင်းလင်းကြစဉ်။ (က-ပ)

သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၆

အမျိုးသားညီလာခံနှင့် (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ထောက်ခံဂုဏ်ပြုသောအားဖြင့် ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော သွားနှင့်ခံတွင်းကျန်းမာရေးပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ၃ရက် နံနက် ၉နာရီတွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဧကရီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သွားနှင့်ခံတွင်းကျန်းမာရေးသိကောင်းစရာများကို မြို့နယ်အလုပ်အမှုဆောင် ဒေါက်တာဝင်းကိုလှကလည်းကောင်း၊ သွားနှင့်ခံတွင်းရောဂါကာကွယ်ရေးအကြောင်းကို မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး သွားနှင့်ခံတွင်း တာဝန်ခံအထူးကုဆရာဝန် ဒေါက်တာသန်းသန်းအေးကလည်းကောင်း ဟောပြောကြသည်။

ထို့နောက်ကျောင်းသူများ၏ မေးမြန်းချက်ကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးကုသပေးသည်။ အလားတူဟောပြောပွဲကို အထက(၂)ပန်းဘဲတန်းတွင်လည်း ဆက်လက်ပြုလုပ်မည်ဟု သိရသည်။ (က-ပ)

ဖေဖော်ဝါရီ ၆ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြခန်းများကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဦးဌေးဦး ဟင်္သာတမြို့နယ်၌ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဖေဖော်ဝါရီ ၃ရက် နံနက် ၈နာရီတွင် ဧရာဝတီတိုင်း ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ဟင်္သာတမြို့ရှိ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့ အပါအဝင် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဦးဌေးဦးက နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလက်တွဲ၍ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ၊ ရရှိနေသည့်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်၊ အခြေခံမူများ၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများနှင့် ဟင်္သာတခရိုင်နှင့် ဟင်္သာတမြို့နယ်အတွင်း ပညာရေးနှင့် ကျန်းမာရေးအတွက် ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အထွေထွေ အတွင်းရေးမှူးဝန်ကြီး ဦးဌေးဦးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဟင်္သာတမြို့ သူနာပြုသင်တန်းကျောင်း သင်တန်းသူများအတွက် ငွေပဒေသာပင် စိုက်ထူငွေအား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဦးသန်းတင်က လက်ခံယူသည်။

ဆက်လက်၍ ဟင်္သာတခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ဟင်္သာတမြို့ ဆေးရုံကြီး၌ တက်ရောက်ကုသနေသော ဆရာတော် သံဃာတော်များအတွက် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာစိုင်းလုံက လက်ခံယူသည်။

လက်ခံရယူ

ဆက်လက်၍ ဟင်္သာတမြို့နယ်အတွင်း အခြေခံပညာ အထက်တန်းအဆင့်တွင် ထူးချွန်စွာ အောင်မြင်ပြီး တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ရန် ပညာရေးရန်ပုံငွေများအား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စေတနာရှင်အလှူရှင်များက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။

အထွေထွေ အတွင်းရေးမှူး ဝန်ကြီး ဦးဌေးဦးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဟင်္သာတမြို့ ရွာသာကုန်းအုပ်စုတွင် စုပေါင်း၍ တည်ဆောက်နေသော အခြေခံပညာမူလတန်းကျောင်း အမှတ် (၃၇)ကို ရောက်ရှိကြည့်ရှုပြီး လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဝန်ကြီးသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ နှင့်အတူ နတ်မော်ကျေးရွာ တိလောကဉသျှောင်ရှင်သာလျောင်းဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ဘက်စုံပြုပြင်မှုလုပ်ငန်းအတွက် အလှူငွေများပေးအပ်လှူဒါန်းကာ ပြုပြင်မွမ်းမံမှုများကို ကြည့်ရှုသည်။

ဆွေးနွေးမှာကြား

ယင်းနောက် အထွေထွေ အတွင်းရေးမှူး ဝန်ကြီးသည် ရပ်မိရပ်ဖများ၊ ဟင်္သာတမြို့နယ်နှင့် နတ်မော်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့်အတူ နတ်မော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း အမှတ် (၁)သို့ ရောက်ရှိပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျောင်းနေအရွယ် ကလေးသူငယ်များ ပညာသင်ကြားရေးအတွက် ငွေပဒေသာပင်အား လှူဒါန်းစိုက်ထူပေးခဲ့ပြီး နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် သိပ္ပံလမ်းနေ ဒေါ်မြနွယ်နှင့် သမီး ဒေါ်မြင့်မြင့်၊ ဦးဝင်းမြင့်အောင်၊ ခင်ရူပါချောတို့က ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ငွေပဒေသာပင် အလှူတော်ငွေ ကျပ် ၁၀၁၀၀၀ကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် နယ်မြေရှိ ဦးဇိနဆံတော်ရှင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ပဋ္ဌာန်းရွတ် ပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ရက်က ဦးဇိနဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။ အစည်းအဝေးမှ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ပဋ္ဌာန်းရွတ်ပူဇော်ပွဲ၊ ပျော်ပွဲရွှင်ပွဲများကို မတ်လ ၁၃ရက်မှ ၁၅ရက်အထိ ကျင်းပရန်ဆုံးဖြတ်ကြသည်။ (၃၀၇)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇–၂–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ ပညာခေတ်
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နေခြည်ဖြာမှ" (အပိုင်း–၁၀)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကောင်းကင်သိုင်းကွက်" (အပိုင်း–၅)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

လူငယ်(ရေကြောင်း)ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

လူငယ်(ရေကြောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၇၁–၁၉၈၈) ခုနှစ်၏ ဒုတိယအကြိမ် ဆရာကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မြတ်လေးရုံကျောင်းတိုက် မြတ်လေးရုံကျောင်းလမ်းထိပ် ဟံသာမွန်ရိပ်မွန်အိမ်ရာ ဆင်မလိုက်သဘော်ကျင်းဘေး ကမာရွတ်မြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

အသေးစိတ်သိလိုပါက ဦးဟန်ထွေးအောင် ဖုန်း–၀၉၉၉–၂၂၇၅၃၊ ဦးညဏ်ထွန်းအောင် ဖုန်း–၀၉၅၀၀၈၂၈၁၊ ဦးအောင်ချိုမြင့် ဖုန်း–၂၅၂၆၃၈၊ ဦးထွန်းထွန်းဦး ဖုန်း–၀၉–၈၀–၂၁၉၅၉၊ ဒေါ်အိအိသန့် ဖုန်း–၅၀၅၉၃၇၊ ဦးသက်ဦး ဖုန်း–၀၉၉၉–၇၁၃၃၂၊ ဒေါ်ကေသီဦး ဖုန်း–၀၉၅၁–၀၄၅၀၄၊ ဒေါ်ခင်လေးဦး ဖုန်း–၃၈၈၃၇၅ နှင့် ဦးအောင်ကြိုင် ဖုန်း–၅၂၄၆၂၈ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ် (၂၃)ရပ်ကွက် အလက(၁)ကျောင်းတွင် ဇန်နဝါရီ ၁၇ရက်က ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်မိုးမိုးဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသန်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

နှစ်ဖက်သော အဘိုးအဘွား၊ မိဘများအား အမှူးထား၍ ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း သီတာလမ်းနေ ဦးသိန်းထွန်းနိုင်–ဒေါ်အေးအေးမိုး၊ သမီး ယဉ်မိုးသူ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်းလေးသောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘဉာဏ်(ငြိမ်း)လက်ခံယူစဉ်။ (က–ပ)

နျူကလီးယားထိပ်ဖူးကို သယ်ဆောင်ပစ်ခတ်နိုင်သည့် တိုက်ချင်းပစ်ဒုံး စမ်းသပ်ရန် အိန္ဒိယ အသင့်ရှိ

နယူးဒေလီ ဖေဖော်ဝါရီ ၅

အိန္ဒိယနိုင်ငံသည် နျူကလီးယားထိပ်ဖူးကို သယ်ဆောင်ပစ်ခတ်နိုင်သော တိုက်ချင်းပစ်ဒုံး အဂ္ဂနီ-၃ကို စမ်းသပ်ပစ်လွှတ်ရန် အသင့်အနေအထားတွင်ရှိနေပြီဖြစ်ကြောင်း ထိပ်တန်းကာကွယ်ရေးဆိုင်ရာ သိပ္ပံပညာရှင် အမ်နာတာရာဂျန်၏ ပြောကြားချက်ကို ကိုးကား၍ အင်ဒိုအာရှသတင်းဌာန (အိုင်အေအင်အက်စ်)က ဖော်ပြခဲ့သည်။

ကျွန်ုပ်တို့အနေဖြင့် ဒုံးစမ်းသပ်ပစ်လွှတ်ရန် နည်းပညာပိုင်းအရ အားလုံး အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ယင်းဒုံးကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သို့ ပစ်လွှတ်မည်ဆိုသောကိစ္စများကိုမူ အဆင့်မြင့်အာဏာပိုင်များက အဆုံးအဖြတ်ပေးကြရမည့်ကိစ္စဖြစ်ကြောင်း ကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့ (ဒီအာရ်ဒီအို) အကြီးအကဲ နာတာရာဂျန်က ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားခဲ့ သည်။

ပဲ့ထိန်းဒုံးအမျိုးအစား နှစ်မျိုးဖြစ်သည့် အဂ္ဂနီ-၁ နှင့် ၂ ဒုံးအမျိုး အစားများသည် ယခုအခါ အိန္ဒိယကာကွယ်ရေးတပ်ဖွဲ့များတွင် တပ်ဆင်ပေးထားခဲ့ပြီးဖြစ်သည်။ ပထမဒုံးတစ်မျိုးမှာ အကွာအဝေး ကီလိုမီတာ ၇၀၀ အထိ ပစ်ခတ်နိုင်ပြီး ဒုတိယအမျိုးအစားမှာ ကီလိုမီတာ ၂၅၀၀ အထိ ပစ်ခတ်နိုင်စွမ်းရှိသည်။

စမ်းသပ်ပစ်လွှတ်ရန် အဆင့်သင့်ဖြစ်နေပြီဖြစ်သော အဂ္ဂနီ-၃ ဒုံးသည် ကီလိုမီတာ ၃၅၀၀ အထိ ပစ်ခတ်နိုင်သော ဒုံးအမျိုးအစားဖြစ်သည်။ ယင်းဒုံးကိုပစ်လွှတ်ရေးအတွက် အစိုးရအဖွဲ့ထံမှ ခွင့်ပြုမိန့်ပေးမည့် အချိန်ကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။ ဒီအာရ်ဒီအိုအဖွဲ့က ထိုဒုံးများ ထုတ်လုပ်ရေး စီမံကိန်းကို ၁၉၈၃ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ အနောက်ပိုင်း ဟစ်မြို့အနီးတွင် အီရတ်များအား အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးနေကြသည်ကို ဖေဖော်ဝါရီ ၃ ရက်က တွေ့ရ စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လက်ဘနွန်စစ်တန်းလျားအနီး ဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်တစ်ဦး အနည်းငယ်ဒဏ်ရာရ

ဘေရွတ် ဖေဖော်ဝါရီ ၅

အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်က လက်ဘနွန်ရှိ လုံခြုံရေးအဆောက်အအုံများကို တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် ဘေရွတ်မြို့တော်ရှိ လက်ဘနွန်ကြည်းတပ်စစ်တန်းလျားအနီးတွင် ကြာသပတေးနေ့က ဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်တစ်ဦး အနည်းငယ်ဒဏ်ရာရရှိပြီး မော်တော်ယာဉ်တစ်စီး ပျက်စီးခဲ့ကာ အနီးအပါးရှိ အဆောက်အအုံများမှ ပြတင်းပေါက်များ ကွဲအက်ကုန်သည်ဟု လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

အယ်လ်ခိုင်ဒါအုပ်စုကို ကိုယ်စားပြုသည့် လူတစ်ဦးက ဒေသခံသတင်းစာတိုက်သို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ကာ လွန်ခဲ့သည့်လအတွင်း အယ်လ်ခိုင်ဒါအုပ်စုဝင်သုံးဦး အဖမ်းခံရမှုကို တုံ့ပြန်လက်စားချေသည့်အနေဖြင့် ဘေရွတ်ရှိ လုံခြုံရေးပစ်မှတ်ကို ဗုံးဖောက်ခွဲမည်ဟု ပြောကြားခဲ့ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ဘေရွတ်မြို့တော် ရမ်လက်အယ်လ်-ဘေဒါခရိုင်ရှိ ဖက်ကရက်ရှင်စစ်တန်းလျားအပြင်ဘက်တွင် နံနက် ၅ နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကားဗုံးပေါက်ကွဲမှုဟု သတင်းရပ်ကွက်က စောစောပိုင်းက ပြောကြားခဲ့သည်။

လက်ဘနွန် အာဏာပိုင်များက အမျိုးသမီး အကျဉ်းသားနှစ်ဦးကို ရက်သတ္တနှစ်ပတ်အတွင်း ပြန်လွှတ်ပေးရန် မိမိတို့ အချိန်ပေးထားသည်ဟု လက်ဘနွန်ရှိ အယ်လ်ခိုင်ဒါ ကွန်ရက်ကိုယ်စားလှယ်တစ်ဦးက ဖုန်းဆက်အကြောင်းကြားခဲ့ကြောင်း အယ်လ်-ဘာလက် သတင်းစာက ဖော်ပြသည်။ ၎င်းအမျိုးသမီးနှစ်ဦးကို လွှတ်မပေးပါက လက်ဘနွန်နိုင်ငံအတွင်း စစ်ရေးအရ တိုက်ခိုက်လှုပ်ရှားမှု သုံးကြိမ်ကို တစ်ပြိုင်တည်း ပြုလုပ်မည်ဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မည်ဟု ဖုန်းဆက်သူက ခြိမ်းခြောက်ပြောကြားခဲ့ကြောင်း သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တောင်ပိုင်းတွင် မော်တော်ယာဉ် မတော်တဆမှုဖြစ်ပွား ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရ

လန်ဒန် ဖေဖော်ဝါရီ ၅

အီရတ်နိုင်ငံတောင်ပိုင်းတွင် ကြာသပတေးနေ့ညက မော်တော်ယာဉ် မတော်တဆမှု ဖြစ်ပွားခဲ့ရာ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားသည်။

ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသည် ဘာဆရာမြို့ဆင်ခြေဖုံးတွင် ကြာသပတေးနေ့ ညသန်းခေါင်းယံမတိုင်မီက မော်တော်ယာဉ် မတော်တဆမှု ဖြစ်ပွားခဲ့ပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသော်လည်း ၎င်းတပ်ဖွဲ့ဝင်၏ နာမည်ကို ထုတ်ဖော်ပြောကြားမှုမရှိပေ။

စုံစမ်းစစ်ဆေး

ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ သို့ရာတွင် တိုက်ခိုက်မှုကြောင့် သေဆုံးခြင်းမဟုတ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

၁၀၁ ဦး

၎င်းတပ်ဖွဲ့ဝင် သေဆုံးမှုကြောင့် အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံးသူဦးရေ ၁၀၁ ဦးရှိပြီဖြစ်သည်။

ဗြိတိန်အစိုးရက တပ်ဖွဲ့ဝင် ၈၅၀၀ ကို အီရတ်နိုင်ငံတောင်ပိုင်းဒေသတွင် ဖြန့်ကြက်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ တိုက်ခိုက်မှုဖြစ်ပွား တာလီဘန် ၁၆ ဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ကန္ဒါဟာ (အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၅

တာလီဘန်ပြောက်ကျားများက အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ ဟယ်မင်းပြည်နယ်တွင် သောကြာနေ့က တိုက်ခိုက်မှု လေးကြိမ်ပြုလုပ်ခဲ့မှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး တာလီဘန်ပြောက်ကျား ၁၆ ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

အာဖဂန်ရဲတပ်ဖွဲ့နှင့် တာလီဘန်ပြောက်ကျားများ ဆက်လက်တိုက်ခိုက်နေကြသည်ဟု ဒုတိယအုပ်ချုပ်ရေးမှူး မူလာမားက ပြောကြားသည်။ ၎င်းလိုက်ပါလာသည့် မော်တော်ယာဉ်မှာလည်း အပစ်အခတ်ခံရသည်ဟု ဆိုသည်။ ယင်းတိုက်ခိုက်မှုအတွင်း တာလီဘန် ၂၀၀ ပါဝင်ပြီး တာလီဘန် အချို့က စစ်ကူလာသည့် ရဲတပ်ဖွဲ့ဝင်များကို ခြောင်းမြောင်း ပစ်ခတ်ကြသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အာဖဂန်တောင်ပိုင်းရှိ တာလီဘန်များကို ချေမှုန်းနေသည့် အမေရိကန်ဦးဆောင်တပ်ဖွဲ့မှ လေယာဉ်များက တိုက်ခိုက်မှုဖြစ်ပွားရာသို့ ရောက်ရှိလာခဲ့သော်လည်း ကူညီတိုက်ခိုက်ခြင်းမပြုခဲ့ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

သို့ရာတွင် ယင်းပြည်နယ်တွင် တိုက်ခိုက်နေသည့်သတင်းများကိုမကြားသိရဟု အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂွာတီမာလာမြောက်ပိုင်း သစ်တောဒေသကို မူးယစ်မှောင်ခိုများ အသုံးချနေ

ဂွာတီမာလာစီးတီး ဖေဖော်ဝါရီ ၅

ဂွာတီမာလာနိုင်ငံမြောက်ပိုင်း ပီတန်သစ်တောဒေသတွင် မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်း ကွန်ရက်တစ်ခုကို မိမိကိုယ်တိုင် တွေ့မြင်ခဲ့ရသဖြင့် အလွန်ပင်အံ့သြမိကြောင်း၊ ယင်းနေရာသည် မူးယစ်ဆေးဝါးတရားမဝင် ပို့ဆောင်သည့် လုပ်ငန်းတွင် ကြားစခန်းအဖြစ် ရပ်တည်လျက်ရှိကြောင်း ယင်းနိုင်ငံသို့ လွန်ခဲ့သည့် ရက်သတ္တပတ်တွင် ရောက်ရှိခဲ့သော အမေရိကန်ဗိုလ်ချုပ်ကြီးတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

မိမိသည် ဂွာတီမာလာနိုင်ငံမြောက်ပိုင်းရှိ လာဂူနာဒယ်လ်တိုင်ဂရီ အမျိုးသားသစ်တောဥယျာဉ်ကိုလေယာဉ်ဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း၊ ယင်းသစ်တောဥယျာဉ်အတွင်း မူးယစ်မှောင်ခိုသမားများအသုံးပြုသောလျှို့ဝှက်လေယာဉ်ကွင်းငယ်များကို ရှာဖွေတွေ့ရှိရကြောင်း ဗိုလ်ချုပ်ကြီးခရက်ဒေါ့က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မိုင်ယာမီတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကြည်းတပ်နှင့် အစိုးရတာဝန်ရှိသူများအား ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဂျင်တီးနားနိုင်ငံ တောင်ပိုင်း ကိုဒိုရိုရီဗာဒါဗီယာမြို့တွင် သိုးမွေးရိတ်ပြိုင်ပွဲ ပြုလုပ်နေသည်ကို ဖေဖော်ဝါရီ ၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပင်လယ်ပြင်သို့ ဆက်သွယ်နိုင်သည့် ထွက်ပေါက်ရရှိရေး ချီလီအစိုးရအဖွဲ့သစ်ကို ဘိုလီးဗီးယား တိုက်တွန်းမည်

လီမာ ဖေဖော်ဝါရီ ၅

ဘိုလီးဗီးယားနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာသို့ ဆက်သွယ်နိုင်သည့် ပင်လယ်ထွက်ပေါက် ပြန်လည်ရရှိနိုင်ရေးအတွက် ချီလီအစိုးရအဖွဲ့သစ်ကို တိုက်တွန်းသွားမည်ဖြစ်ကြောင်း ဘိုလီးဗီးယားနိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်ချိုကက်ဟွန်ကွာက စနေနေ့တွင် ပြောကြားသည်။

ချီလီနိုင်ငံတွင် သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခံထားရသော မစ်ချယ်ဘာကီတက်၏ အစိုးရအဖွဲ့သစ်နှင့် ဆွေးနွေးမှုများပြုလုပ်ကာ မိမိတို့နိုင်ငံအတွက် ပင်လယ်ပြင်သို့ဆက်သွယ်နိုင်သော ထွက်ပေါက်ရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဘိုလီးဗီးယားနိုင်ငံသည် ချီလီနိုင်ငံနှင့်အတူ ပင်လယ်ရေကြောင်းလုပ်ငန်းများ ပြန်လည်ပေါင်းစည်းလုပ်ကိုင်ရန် ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားကြောင်း ၎င်းကပြောကြားသည်။

ချီလီနိုင်ငံတွင် မစ်ချယ်ဘာကီတက်သည် မတ် ၁၁ရက်တွင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။ မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍသစ်ဖွင့်လှစ်ရန် လိုလားကြောင်း ဘိုလီးဗီးယားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှားနိုင်ငံမြောက်ပိုင်း ကီလန်တန်ပြည်နယ်တွင် ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားမှု လေ့လာမည်

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၅

မလေးရှား ကျန်းမာရေးဝန်ကြီးဌာနသည် ကီလန်တန်ပြည်နယ် မြောက်ပိုင်းသို့ ဗိုင်းရပ်ဗေဒပညာရှင်နှစ်ဦးကို စေလွှတ်လိုက်ကြောင်း၊ ၎င်းတို့သည် ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ(ဂျေအီး)ဖြင့် သေဆုံးရသည်ဟု ယူဆရသည့် ဆယ်ကျော်သက် မိန်းကလေးနှစ်ဦးသေဆုံးမှုကို လေ့လာဖော်ထုတ်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားကြသည်။

ဆေးသုတေသနသိပ္ပံနှင့် အမျိုးသားပြည်သူ့ကျန်းမာရေး ဓာတ်ခွဲဌာနမှ ကျွမ်းကျင်သူနှစ်ဦးသည် ဂျပန်ဦးနှောက်အမြှေးရောင် ရောဂါဖြစ်ပွားမှု အခြေအနေကို လေ့လာကြမည်ဖြစ်သည်။ ဗိုင်းရပ်ကြောင့် ဖြစ်ပွားရသည့် ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါကိုထိန်းချုပ်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက မဟာဗျူဟာများ ရေးဆွဲချမှတ်ရာတွင် ၎င်းတို့၏ လေ့လာတွေ့ရှိချက်များက အထောက်အကူ ပြုမည်ဖြစ်ကြောင်း ကျန်းမာရေး ဒုတိယညွှန်ကြားရေးမှူး ရာဖီအိုယူ၏ ပြောကြားချက်ကို ကိုးကား၍ ဘာနားမားသတင်းဌာနက ဖော်ပြသည်။

ဂျေအီးရောဂါ အခြေအနေနှင့်ပတ်သက်၍ ကီလန်တန်ပြည်နယ်ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး အာမက်ရာဇင် ဘာမဒ်မာဟာက ရှင်းလင်းတင်ပြခြင်းမပြုမီ ရာဖီအိုယူက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

တာနာမီဗရာခရိုင်တွင် ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားသူတစ်ဦးရှိပြီး အဆိုပါ ရောဂါကူးစက်ခံထားရသည်ဟု ယူဆရသူ လေးဦးရှိကြောင်း ဒေသဆိုင်ရာ သတင်းများအရ သိရှိရသည်။ အသက်(၇၂)နှစ်ရှိ နော်ဟာယာတီအာဝန်သည် ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါ ခံစားနေရသည်ဟု တာဝန်ရှိသူများက အတည်ပြုခဲ့ပြီး ၎င်းသည် ဒေသဆိုင်ရာ ဆေးရုံ၌ ကုသမှုခံယူလျက်ရှိသည်။

လွန်ခဲ့သည့် ကြာသပတေးနေ့နှင့် ယခုရက်သတ္တပတ်၏ အင်္ဂါနေ့တို့တွင် အသက်(၁၃)နှစ်အရွယ်ရှိ ကျောင်းသူ ဆီတီမာဒီနာမို့ဒ်ရွှမ်လီနှင့် ဟက်စ်နီရာ အက်စ်မိုင်ဟာဆင်တို့ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါဖြင့် သေဆုံးခဲ့ကြရသည်။ ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး အစ္စမေမီရီကန်က သတင်းအချက်အလက်များကို ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်တစ်စီးအားရှာဖွေစစ်ဆေးနေသည်ကို ဖေဖော်ဝါရီ ၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခရီးသည်တင်လေယာဉ်များ ပူးတွဲထုတ်လုပ်သွားရန် စင်ကာပူနိုင်ငံအား အိန္ဒိယသမ္မတက အဆိုပြု

စင်ကာပူ ဖေဖော်ဝါရီ ၅

အိန္ဒိယနိုင်ငံသည် စင်ကာပူနိုင်ငံနှင့်အတူ ခရီးသည်တင် ဂျက်လေယာဉ်များ ပူးတွဲသုတေသနပြုလုပ်သွားရန်နှင့် ထုတ်လုပ်သွားရန် မိမိအဆိုပြုကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ကာကွယ်ရေးသုတေသနနှင့် နည်းပညာကဏ္ဍတွင် ပူးတွဲလေ့လာမှုများ ပြုလုပ်သွားကြရန် သဘောတူညီကြကြောင်း၊ ပင်လယ်ရေကြောင်း လုံခြုံရေးကိစ္စရပ်နှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသော အိန္ဒိယသမ္မတ အေပီဂျေအဗ္ဗဒူလ်ခါလမ်က စနေနေ့တွင် ပြောကြားသည်။

အိန္ဒိယနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တို့သည် ယဉ်ကျေးမှုအရ ဆက်နွယ်မှုရှိနေသဖြင့် ဗုဒ္ဓဘာသာဝင်များ၏ ဘာသာရေးခရီးစဉ်များကို မြှင့်တင်ပေးခြင်းဖြင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကို တိုးတက်အောင် လုပ်ဆောင်နိုင်ကြောင်း၊ ဘုရားဖူးခရီးသည်များကို အခြေခံသည့် ခရီးသွားလုပ်ငန်း တိုးတက်လာစေမည့် နည်းလမ်းများကို လေ့လာသွားကြရန် မိမိတို့သဘောတူညီကြောင်း ခါလမ်က ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ဗုဒ္ဓစာပေကျမ်းဂန်နှံ့စပ်သည့် ပညာရှင်များကို မွေးဖွားပေးသော နာလန္ဒါတက္ကသိုလ် ပြန်လည်ရှင်သန် တိုးတက်လာစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံများတွင် အသုံးပြုနိုင်မည့် ခရီးသည်တင် ဂျက်လေယာဉ်များအတွက် ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ တီထွင်သုတေသန ပြုလုပ်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်တင် ရောင်းချခြင်းတို့အတွက် အိန္ဒိယနိုင်ငံရှိ လေကြောင်းဖွံ့ဖြိုးရေးအေဂျင်စီ၊ ဟင်ဒူစတန် လေကြောင်းအာကာသလီမိတက်တို့က စင်ကာပူနိုင်ငံရှိ နည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း စင်ကာပူနိုင်ငံရှိ နန်းယန်နည်းပညာတက္ကသိုလ်တွင် မိန့်ခွန်းပြောကြားရာ၌ သမ္မတခါလမ်က ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ဆာရောဂါကာကွယ်ရန် ဒဗလျူအိပ်ချ်အိုတိုက်တွန်း

ဂျီနီဗာ ဖေဖော်ဝါရီ ၅

ကမ္ဘာပေါ်တွင် လူအများအပြားသေဆုံးရသော ရောဂါများအနက် ကင်ဆာရောဂါသည်လည်း ထိပ်ဆုံးမှ နိုပ်စက်နေသော ရောဂါဖြစ်ရာ ယင်းကို တိုက်ဖျက်သွားရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) က ဖေဖော်ဝါရီ ၃ ရက်တွင် နှိုးဆော်လိုက်သည်။

၂၀၀၅ ခုနှစ် တစ်နှစ်တည်းမှာပင် ကင်ဆာရောဂါကြောင့် လူ ၇ဒသမ၆ သန်းခန့် သေဆုံးခဲ့ရပြီး ယခုနှုန်းအတိုင်းသာ ဆက်လက်သွားနေပါက ထိုရောဂါကြောင့် သေဆုံးရသူဦးရေသည် လာမည့် ၁၀ နှစ်အတွင်းတွင် ၈၄ သန်းအထိ ရှိလာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မကူးစက်တတ်သော ရောဂါများနှင့် စိတ်ရောဂါဆိုင်ရာဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ ဘက်ဘရင်းလီဂါလီစ် ကာမတ်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

ဘင်္ဂလားဒေ့ရှ်၌ မှောင်ခိုသွေးလှူဘဏ်များ များပြားလျက်ရှိ

ဒါကာ ဖေဖော်ဝါရီ ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့နှင့် အခြားအရပ်ဒေသများ၌ မှောင်ခိုသွေးလှူဘဏ်များ များပြားနေကြောင်း၊ အဆိုပါ သွေးဘဏ်မှ သွေးများကို သွေးလိုအပ်နေသောလူနာများသို့ သွင်းပေးခြင်းဖြင့် အသက်အန္တရာယ် စိုးရိမ်ရသည့် အခြေအနေဖြစ်ပေါ်လျက်ရှိကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

မြို့တော် ဒါကာတွင် တရားမဝင် သွေးလှူဘဏ် ၁၅၀ နှင့် အခြားအရပ်ဒေသများတွင် သွေးလှူဘဏ် ၅၀၀ ခန့်တို့သည် စီးပွားရေးဆန်စွာ လုပ်ကိုင်လျက်ရှိသည်ဟု ကျန်းမာရေးဦးစီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ နယူးအေ့ချ်သတင်းစာက ဇန်နဝါရီ ၃၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ပုဂ္ဂလိကသွေးလှူဘဏ်များသည် စုဆောင်းထားသော သွေးများကို စစ်ဆေးမှုမပြုလုပ်ဘဲ သုံးစွဲမှုကြောင့် အသက်ဘေးအန္တရာယ်များပြားကြောင်း ဆရာဝန်တစ်ဦး၏ ပြောကြားချက်ကို သတင်းတွင် ရေးသားထားသည်။

သွေးစစ်ဆေးမှု ကုန်ကျငွေသည် သွေးတစ်အိတ်လျှင် တာကာငွေ ၄၅၀ (အမေရိကန်ဒေါ်လာ ၆ဒသမ၉ ဒေါ်လာ)ခန့်ရှိကြောင်း၊ စစ်ပြီးသား သွေးတစ်အိတ်လျှင် တာကာငွေ ၇၀၀ (အမေရိကန်ဒေါ်လာ၁၀ဒသမ၈ဒေါ်လာ) ခန့်ရှိသည်။ သို့ရာတွင် အဆိုပါသွေးလှူဘဏ်များက သွေးတစ်အိတ်လျှင် တာကာငွေ၂၀၀(အမေရိကန်ဒေါ်လာသုံးဒေါ်လာ)ဖြင့်ရောင်းဝယ်လျက်ရှိသည်ဟု ခေတ်မီဆေးခန်းနှင့် သွေးလှူဘဏ် ဗဟိုဌာနမှ ဝန်ထမ်း တာဟာဘာလီက ပြောကြားခဲ့သည်။

သွေးရောင်းစားသူများထံမှ အဆိုပါ ပုဂ္ဂလိကသွေးလှူဘဏ်များက ဝယ်ယူစုဆောင်းကြသည်။ ထိုသွေးများတွင် အသက်အန္တရာယ်ကို ထိခိုက်စေသော ပိုးမွှားများကို မကြာခဏ တွေ့ရှိရသည်ဟု ဖော်ပြထားသည်။

သွေးရောင်းစားသူများတွင် ၂၉ ရာခိုင်နှုန်းခန့်သည် အသည်းရောင်အသားဝါ ဘီပိုးရှိသူများ၊ ၃ ဒသမ ၈ ရာခိုင်နှုန်းခန့်သည် အသည်းရောင်အသားဝါ စီပိုးရှိသူများနှင့် ဆစ်ဖလစ်ကာလသားရောဂါရှိသူ ၃၀ ရာခိုင်နှုန်းခန့်ကို တွေ့မြင်ရကြောင်း ဒါကာမြို့ ဆေးတက္ကသိုလ် ဆေးရုံ (ဒီအမ်စီအိပ်ချ်)မှ ဆရာဝန် တစ်ဦးက ပြောကြားခဲ့သည်။ ***ဆင်ဟွာ။***

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဟွန်ဒါကုမ္ပဏီက ထုတ်လုပ်သော ပြေးလွှားနိုင်သည့် အာဆီမိုအမည်ရှိ စက်ရုပ်သရုပ်ပြသနေသည်ကို ဖေဖော်ဝါရီ ၅ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ပေါ်တူဂီ၌ ကိုကင်း လေးတန်နီးပါး သိမ်းဆည်းရမိ

လစ္စဘွန်း ဖေဖော်ဝါရီ ၅

ပေါ်တူဂီနိုင်ငံ ရဲတပ်ဖွဲ့သည် ပေါ်တူဂီ၊ စပိန်နှင့် ဗြိတိန်နိုင်ငံတို့တွင် လှုပ်ရှားနေသည့် နိုင်ငံတကာ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်း တစ်ဂိုဏ်းကို ဖြိုခွင်းပြီးနောက် အမျိုးအစားကောင်း ကိုကင်းလေးတန်နီးပါးကို သိမ်းဆည်းရမိလိုက်ကြောင်း သောကြာနေ့တွင် ကြေညာသည်။

ပေါ်တူဂီနိုင်ငံမြောက်ပိုင်း ဗီယာနာဒိုကာစတီလိုဒေသသို့ ရောက်ရှိလာသည့် ကိုကင်းများကို စပိန်နှင့် ဗြိတိန်နိုင်ငံတို့သို့ ဆက်လက်တင်ပို့လေ့ရှိကြောင်း ရဲတပ်ဖွဲ့က ဒေသဆိုင်ရာ မီဒီယာသို့ ပြောကြားသည်။

ဖမ်းဆီး

အသက်(၃၀)နှင့် (၅၆)နှစ်အကြားရှိ စပိန်နိုင်ငံသားလေးဦးကို ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အလေးချိန် ၂ဒသမ၈ တန်ရှိ အမျိုးအစားကောင်း ကိုကင်းအထုပ်ပေါင်း ၁၁၄ ထုပ်နှင့်အတူ ဗြိတိန်နိုင်ငံသား တစ်ဦးကိုလည်း ဖမ်းဆီးလိုက်သည်။

အဆိုပါ စစ်ဆင်ရေးတစ်ခုတည်းမှာပင် ကိုကင်းတစ်တန်ကို သယ်ယူလာသူ လေးဦးကိုလည်း စပိန်နိုင်ငံ ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။ ပေါ်တူဂီနိုင်ငံ ရဲတပ်ဖွဲ့နှင့် စပိန်နိုင်ငံ ရဲတပ်ဖွဲ့တို့သည် မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်း တိုက်ဖျက်ရေးလုပ်ငန်းများကို မကြာခဏလက်တွဲဆောင်ရွက်လေ့ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားရှိကျွန်းများ စည်ပင်တိုးတက်မှု နယ်စပ်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု

ဂျကာတာ ဖေဖော်ဝါရီ ၅

အင်ဒိုနီးရှားနိုင်ငံရှိ လူသူနေထိုင်ခြင်းမရှိသော ကျွန်းအများအပြားတွင် အခြေစိုက်နေထိုင်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်ခြင်းဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းအစီအစဉ်အတွက် ရူပြားဘီလီယံ ၉၀၀ (အမေရိကန်ဒေါ်လာ ၉၈သန်းနီးပါး) အသုံးပြုမည့်အထူးရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိကြောင်း သမ္မတဆူစီလိုဘမ်ဘန်းယူဒိုယိုနိုက စနေနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ နယ်စပ်ဒေသများကို ဖွံ့ဖြိုးတိုးတက်လာအောင် အစိုးရကစီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း၊ လူသူနေထိုင်ခြင်းမရှိသော ကျွန်းများတွင် အခြေစိုက်နေထိုင်မှုရှိလာအောင် လုပ်ဆောင်မည့်လုပ်ငန်းသည် အစိုးရ၏ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း သမ္မတ၏ ပြောကြားချက်ကို ကိုးကားလျက် အန်တာရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

သမ္မတသည် ရီအူးပြည်နယ်ရှိ အထူးစီးပွားရေးဇုန်ဖြစ်သော ဘာတမ်ကျွန်းသို့ ရောက်ရှိစဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ မိမိတို့နိုင်ငံ၏ ပိုင်နက်နယ်မြေများ အားလုံးတွင် လုံခြုံရေးကောင်းမွန်စေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန် နယ်စပ်ဒေသများရှိ အုပ်ချုပ်ရေးမှူးများကို သမ္မတက တိုက်တွန်းသည်။

အမ်အင်အေ၊ဆင်ဟွာ။

ထာဝရ ရှင်သန်ပွံ့ဖြိုးနေမည့် ပြည်ထောင်စုရိပ်မြုံကြီး

မောင်ငြိမ်းချမ်း

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ဖြင့် ဖြစ်တည်နေသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ပင်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်း၍–

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်လျက်ရှိကြရာ အသီးတစ်ရာ အညာတစ်ခုဆိုသည့်အတိုင်း ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် လူမှုရေးစနစ်များအရ အသွင်သဏ္ဌာန် ကွဲပြားသယောင်ရှိစေကာမူ အနှစ်သာရအားဖြင့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်မှာ အခြေပြုထားသည်ဖြစ်၍ အညာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသော သွေးရင်းသားချင်းများဖြစ်ကြပါသည် ဟူ၍ (၄၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာတွင် ဖော်ပြခဲ့ပါသည်။

ပြည်ထောင်စုစိတ်ဓာတ်သည် ပင်မရေသောက်မြစ်ကြီးဖြစ်သည်။ ရေခံမြေခံ သဘာဝအခြေခံများ ကောင်းမွန်၍ တင့်တယ်ဝေဆာနေသော သစ်ပင်ကြီးသည် **"သစ်တစ်ပင်ကောင်းက ငှက်တစ်သောင်းမှီခိုရာ"** ဆိုသကဲ့သို့ အမိပြည်ထောင်စုကြီးသည်လည်း ပြည်ထောင်စုသားအားလုံး မှီခိုနားနေရာ အေးရိပ်ငြိမ်ကြီးဖြစ်ပေသည်။

ပြည်ထောင်စုသစ်ပင်ကြီး၏ အရိပ်ကိုခိုလှုံပြီး ပြည်ထောင်စုသားများ အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည့်နည်းတူ ပြည်ထောင်စုကြီး၏ အရိပ်ကိုခိုပြီး အခက်၊ အလက်များကို မချိုးဖျက်နိုင်အောင် ဝိုင်းဝန်းကာကွယ်ရန်နှင့်ပြည်ထောင်စုသစ်ပင်ကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းစောင့်ရှောက်ကြရန်မှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး၏ မွေးရာပါတာဝန်ကြီးပင်ဖြစ်သည်။

အမိပြည်ထောင်စုကြီးသည် ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်မှုကြောင့် နှစ်ပေါင်းတစ်ရာကျော် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်။ ကိုလိုနီစနစ်ဆိုး၏ ခါးသီးသည့် ဒဏ်ရာဒဏ်ချက်တို့ကို ခံခဲ့ရသည်။ နယ်ချဲ့တို့က ပြည်ထောင်စုသစ်ပင်ကြီး၏ အကိုင်းအခက်အလက်များကို ခုတ်ဖြတ်ခဲ့သည်။ ရေသောက်မြစ်များကိုလည်း တူးဆွဖျက်ဆီးခဲ့သည်။

ထို့ကြောင့် ယိုင်ယဲ့ချည့်နဲ့နေသော ပြည်ထောင်စုသစ်ပင်ကြီးကို မပြိုလဲမပျက်စီးစေရန် ပြည်ထောင်စုတိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းတည့်မတ်ပြုစုပျိုးထောင်ခဲ့ကြရသည်။ ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပြည်ထောင်စုတိုင်းရင်းသားများ၏ စုစည်းညီညွတ်သည့် အားမာန်၊ စည်းလုံးညီညွတ်မှု၏ ရလဒ်အဖြစ် ပြည်ထောင်စု၏ သမိုင်းမှတ်တိုင်ကို တည်ဆောက်နိုင်ခဲ့သည်။

၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးစအချိန်တွင်လည်း ကိုလိုနီနယ်ချဲ့၏ သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားများအချင်းချင်း နားလည်မှု သဘောထားများကွဲလွဲကာ ပြည်ထောင်စု၏ အကိုင်းအခက်အလက်များ ကျိုးပဲ့ခဲ့ရပြန်သည်။ တပ်မတော်အစိုးရ နိုင်ငံတော်၏တာဝန်ကိုရယူခဲ့ရပြီးသည့် နောက်ပိုင်း၌ ပြည်ထောင်စုတိုင်းရင်းသားများ၏ အကျိုးစီးပွားကို ရှေးရှုပြီး ပြည်ထောင်စုကြီး အခွန့်ရှည် တည်တံ့ခိုင်မြဲစေရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို လက်ကမ်းကြိုဆိုခဲ့သည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များသည် တပ်မတော်အစိုးရနှင့်အတူ လက်တွဲပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်လျက်ရှိနေသည်။

ထို့ကြောင့် ပြည်ထောင်စုရိပ်မြုံကြီး အေးချမ်းဖွံ့ဖြိုးလာခဲ့ပြီဖြစ်သည်။ အကိုင်းအခက် အလက်များရှင်သန်ပြီး အသီးအပွင့်များ ဝေဆာလာခဲ့သည်။ ကိုလိုနီစနစ်၏ ဒဏ်ရာ၊ ဒဏ်ချက်များကို ခါးသီးစွာခံခဲ့ရသည့် အကိုင်းအခက်များဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ပင်စည်နှင့် သဏ္ဌာန်တူသော ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်ထောင်စုစိတ်ဓာတ်နှင့် သဏ္ဌာန်တူသည့် ရေသောက်မြစ်ကြီးသည် ခိုင်မာအားကောင်းလာခဲ့သည်။

ယခုအခါ ပြည်ထောင်စုကြီးအတွင်း လိုအပ်သည့်တံတားအမျိုးအစားမျိုးစုံကို တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံ မြောက်ဖျားမှ တောင်ဖျား၊ အရှေ့ဖျားမှ အနောက်ဖျားအထိ ကူးသန်းဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။ ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး ကတ္တရာလမ်း၊ အမာခံလမ်း၊ မြေလမ်း၊ လမ်းမျိုးစုံမိုင်ပေါင်း ၂၁၄၀၀ကျော် ရှိခဲ့ရာမှ ယခုအခါ မိုင်ပေါင်း ခြောက်သောင်းနီးပါးအထိ တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် လမ်းမိုင်အတိုင်းအဆ နှစ်ဆခွဲကျော် တိုးတက်လာသည်။

အလားတူပင် ရထားလမ်းသစ်များ၊ လေယာဉ်ကွင်းသစ်များ၊ အော်တိုတယ်လီဖုန်းဆက်သွယ်မှု ကွန်ရက်များ၊ သင်္ဘောဆိပ်ခံတံတားများစသည့် လမ်းပန်းဆက်သွယ်မှု အခြေခံများကို တိုးချဲ့ဆောက်လုပ် ပေးနိုင်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ဆည်တမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စခန်းများ၊ အလုပ်ရုံ၊ စက်ရုံများ၊ စက်မှုဇုန်များကို တည်ဆောက် ထူထောင်ပေးလျက်ရှိသည်။

ထို့အတူ ပညာရေးကဏ္ဍတွင် သင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိစေရန် တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံကျောင်းများ ဖွင့်လှစ်ပေးခြင်းနှင့် ကျန်းမာရေးကဏ္ဍ၌လည်း ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိစေရန်အတွက် ဆေးရုံများ၊ ဆေးပေးခန်းများ အဆင့်မြင့်ထူထောင်ခြင်း၊ တိုးချဲ့ဖွင့်လှစ်ပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိသည်။ အထူးသဖြင့် ဖွံ့ဖြိုးရေးဒေသများကို တိုးချဲ့ထူထောင်ပြီး ပညာရေး၊ ကျန်းမာရေး အဆင့်မြှင့်မှုများကို ပြုလုပ်ပေးလျက်ရှိသည်။ တစ်ဆက်တည်းမှာပင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ရှင်သန်ဖွံ့ဖြိုးအောင်၊ အသီးအပွင့်ဝေဆာအောင် ဖော်ဆောင်ပေးနေခြင်းသည် နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟမှုလျော့နည်းကျဆင်းရေး၊ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝမြင့်မားတိုးတက်ပြီး အဆင့်အတန်းရှိရှိ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်မြေဆီဩဇာများနှင့်တူသော အခြေခံအုတ်မြစ်များကို ဘက်ပေါင်းစုံမှ ထူထောင်ပေးနေခြင်းဖြစ်သည်။

ယင်းကဲ့သို့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံများကို ထူထောင်ရာ၌ တပ်မတော်အစိုးရသည် ကိုယ့်အားကိုယ်ကိုးပြီး တိုင်းရင်းသား ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအားနှင့် ဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုများကို အခြေခံ၍ ထူထောင်ပေးခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ညီညီညွတ်ညွတ်လက်တွဲပူးပေါင်းပြီး လုပ်ကိုင်ဆောင်ရွက်နိုင်မှုကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည့်အခြေခံများဖြစ်ပေါ်တိုးတက်လာခြင်းဖြစ်သည်။

တစ်ချိန်က မည်မျှပင်သွေးခွဲခဲ့စေကာမူ၊ ယနေ့အချိန်ကာလတွင် တပ်မတော်၊ တိုင်းရင်းသားပြည်သူများနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်



အသီးတစ်ရာ
အညာတစ်ခု
နဲ့ပြည်ထောင်စု

လာသူများလက်တွဲပြီး ဒေသအကျိုးပြု၊ နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် နည်းလမ်းသစ်များဖြင့် စေတနာ၊ မေတ္တာရှေ့ထားပြီး ဆောင်ရွက်ခဲ့ကြခြင်းသည် ပြည်ထောင်စုကြီး ဆက်လက်ဖွံ့ဖြိုးရှင်သန်နေရန်အတွက် ဖြစ်သည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာနိုင်အောင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးပြု လုပ်ငန်းများတွင် ပူးပေါင်းလုပ်ကိုင်နိုင်အောင် အပြန်အလှန်နားလည်မှု၊ အပြန်အလှန် ယုံကြည်မှု၊ ညီညွတ်မှုတို့ကို အခြေခံပြီး နိုင်ငံတော်က စေတနာသန့်သန့်ဖြင့် အလေးပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယနေ့နိုင်ငံတော်က တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့်ယှဉ်ပြီး ချမှတ်ထားသည့် ဒို့တာဝန်အရေးသုံးပါးသည် ထာဝရမှန်ကန်နေမည့် အမျိုးသားရေးမူဝါဒဖြစ်သည်။ ထို့အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်သည် ကြောင်းကျိုး ဆီလျော်မှန်ကန်သည့် လုပ်ငန်းစဉ်များလည်းဖြစ်သည်။

ဤမူဝါဒများကိုအခြေခံပြီး ပြည်ထောင်စုကြီး အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်နေစေရန်နှင့် ကမ္ဘာ့အလယ်တွင် ထည်ဝါတောင့်တင်းခိုင်မာသည့် ပြည်ထောင်စုရိပ်မြုံကြီး ဖြစ်တည်နေစေရန် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည် ဖော်သွားကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံရေးဦးတည်ချက်လေးရပ်အပေါ်အခြေခံပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိရေမြေသဘာဝ၊ သမိုင်းကြောင်း၊ ယဉ်ကျေးမှုထုံးတမ်း အစဉ်အလာများနှင့် ဆီလျော်ကိုက်ညီမည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင် ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း ချမှတ်ထားပြီးဖြစ်သည်။ မှန်ကန်သည့် နိုင်ငံရေးလုပ်ငန်းစဉ်အတိုင်း နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေးသည် နိုင်ငံနှင့်လူမျိုးအတွက် သမိုင်းရေးလိုအပ်ချက်ပင်ဖြစ်သည်။ သို့မှလည်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သည် လက်တွေ့ကျကျ ပေါ်ထွက်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် အသွင်သဏ္ဌာန်အားဖြင့် ကွဲပြားသယောင် ရှိစေကာမူ အနှစ်သာရအားဖြင့် တစ်ပင်တည်းသော ပြည်ထောင်စုကို အခြေပြုထားသည့် အကိုင်း၊ အခက်၊ အလက်သဖွယ် သွေးရင်းသားရင်းညီနောင်များ၊ အညာတစ်ခုတည်းမှ ပေါက်ဖွားလာသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများဖြစ်ကြပေရာ ပြည်ထောင်စု စိတ်ဓာတ်အရင်းခံဖြင့် ပြည်ထောင်စုရိပ်မြုံကြီး ထာဝစဉ်ရှင်သန် ဖွံ့ဖြိုးတိုးတက်နေအောင် စဉ်ဆက်မပြတ်ဆက်လက်ကြိုးပမ်းဖော်ဆောင်နေကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ယခုအခါ နိုင်ငံရေးဦးတည်ချက်လေးရပ်အပေါ် အခြေခံပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိရေမြေသဘာဝသမိုင်းကြောင်း၊ ယဉ်ကျေးမှုထုံးတမ်း အစဉ်အလာများနှင့် ဆီလျော်ကိုက်ညီမည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင် ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း ချမှတ်ထားပြီးဖြစ်သည်။ မှန်ကန်သည့် နိုင်ငံရေးလုပ်ငန်းစဉ်အတိုင်း နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက် ရေးသည် နိုင်ငံနှင့်လူမျိုးအတွက် သမိုင်းရေးလိုအပ်ချက်ပင်ဖြစ်သည်။

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံး ညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်မြို့၌ကျင်းပမည့် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့တွင် ရထားနှင့် လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနေရာချထား

ထိုကဲ့သို့ ရောက်ရှိကြရာတွင် စစ်ကိုင်းတိုင်းမှ ကိုးဦးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ခြောက်ဦးတို့သည် ရထားဖြင့်လည်းကောင်း၊ ကယားပြည်နယ်မှ ၃၇ဦးနှင့် ရခိုင်ပြည်နယ်မှ ၄၉ဦးတို့သည် လေကြောင်းခရီးဖြင့်လည်းကောင်း ရောက်ရှိလာကြရာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး တင်ကြိုင်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြပြီး မော်တော်ယာဉ်များဖြင့် တည်းခိုဆောင်များသို့ ပို့ဆောင်နေရာ ချထားပေးကြသည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက်	-	၈-၂-၂၀၀၆ မှ ၁၆-၂-၂၀၀၆
အချိန်	-	နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ
နေရာ	-	တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းစဉ်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းစဉ်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင်စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပြုလွှာပေးအပ်

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီစိန်က ခရိုင်အတွင်းရှိ မြို့နယ်များမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၆၅၀ ကို ပေးအပ်ရာ တိုင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ၂၀၀၆ ခုနှစ် အတွင်းဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်နွယ်နီအုန်းက ၂၀၀၅ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ပတ်သက်၍ သုံးသပ်ချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းစဉ် ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အလက(၃) တာမွေနှင့် အထက (၅) မင်္ဂလာတောင်ညွန့် (ယခင် စိန့်မိုက်ကယ်ကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဇန်နဝါရီ ၈ ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများအား တွေ့ရစဉ်။ (က-ပ)

ပြည်ထောင်စု၏ နိမိတ်ပုံ

❒ အရှေ့အနောက်၊ တောင်နှင့်မြောက်တည့်
ထက် အောက် ဝဲ ယာ၊ စုန်ဆန်ကာလျှင်
မြန်မာနိုင်ငံ၊ တစ်နံတစ်လျား
လှည့်လည်သွားတိုင်း
စပါးဆန်ရေ၊ ပေါပြည့်ပေလျက်
ရွှေမှုန်ငွေခက်၊ ကြဲ၍ပက်သို့
စက်စက်ဝင်းဝင်း၊ မြလယ်ကွင်းနှင့်
အိုင်အင်းတင့်တယ်၊ မြစ်ပြင်ကျယ်နှင့်
ပင်လယ်၏လှိုင်း၊ ငွေသင်တိုင်းကို
မြင်တိုင်းငါ့မှာ၊ ကျူးရင့်ပါသည်
"ဒါငါတို့ပြေ ငါတို့မြေ"။
"ဒို့ဘိုးဘွားအမွေ အစစ်ပေ"။

❒ ငါတို့မြေကား၊ တိုင်းရင်းသားတို့
ချစ်အားတူမျှ၊ ခိုလှုံကြလျက်
ဒေသမျိုးစုံ၊ လူမျိုးစုံသည်
ပန်းရုံရိပ်မှာ၊ လဝန်းသာသို့
ရိုးရာစုစု၊ ယဉ်ကျေးမှုလျှင်
နုလည်း နုယဉ်၊ လွင်လည်း လွင်သန့်
ခံ့လည်း ခံ့ညား၊ ရိုးသားသိမ်မွေ့
ဓလေ့မျိုးစုံ၊ မြင်ရတုံသော်
ရင်ခုန်မက်စွဲ၊ ပါဝင်နွှဲလျက်
ရဲမာန်ဦးစွာ၊ ကျူးရင့်ပါသည်
"ဒါဒို့လူမျိုး ဂုဏ်မညှိုး"။
"နှစ်ပေါင်းရှည်ကြာ ချစ်မြတ်နိုး"။

❒ သြော်...
ဒို့မျိုးဒို့ပြည်၊ အခွန့်ရှည်အောင်
ဒို့ပြည်ထောင်တွင်း၊ ညီနောင်ရင်းတို့
ရိုင်းပင်းလက်တွဲ၊ ခိုင်ခိုင်မြဲ၍
ရဲမာန်ခြိမ်းခြိမ်း၊ ဖွဲ့မာန်ဟိန်းလျက်
ထိန်းသိမ်းကွယ်ကာ၊ စောင့်ရှောက်ရာသည်
မြန်မာ၏ဂုဏ် ဇာတိဂုဏ်။
ပြည်တွင်းအားကို အမြဲယုံ။
ပြည်ထောင်စု၏ နိမိတ်ပုံ။ ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်...

စိုးမိုး(ပုသိမ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သင်တန်းသူ စံပြဆုရ မကြွေးတိုင်းနတ်မောက်မြို့နယ် ဖန်ခါးစမ်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြဆရာမ ဒေါ်စန္ဒာမြင့်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလူမျိုးအားလုံး စည်းလုံးညီညွတ်မှု၊ တန်းတူရည်တူရှိမှု၊ မျှတစွာဖွံ့ဖြိုးမှု နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းလာစေရန် အမျိုးသားညီလာခံကြီး ကျင်းပ

❒ **ရွှေဖုံးမှ**

ယနေ့အချိန်အခါသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်နိုင်စွမ်းရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ပညာရေးကဏ္ဍက စနစ်တကျ စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသော အချိန်အခါကာလဖြစ်ကြောင်း၊ ထို့အပြင် ထာဝစဉ်တည်တံ့ခိုင်မြဲသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ပြည်သူများ ပညာရည်မြင့်မားပြီး အသိအမြင် ဗဟုသုတကြွယ်ဝစေရန် ပညာရေးကဏ္ဍကအပါအဝင် နယ်ပယ်ကဏ္ဍစုံတွင် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေသည့် အချိန်အခါကာလလည်းဖြစ်ကြောင်း။

ယင်းသို့ ပညာရေးကို အဓိကအခန်းကဏ္ဍကထားရှိပြီး နိုင်ငံတော်ကို တည်ဆောက်နေသော အခြေအနေအချိန်အခါမျိုးတွင် ပညာရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးသော စိတ်ဓာတ်၊ ဆရာကောင်းတစ်ဦး၏ ကျင့်ဝတ်နှင့် တာဝန်များကို လိုလိုလားလား၊ တက်တက်ကြွကြွ ထမ်းဆောင်လိုသောစိတ်ဓာတ်ဖြင့် ထိထိရောက်ရောက်၊ ပီပီပြင်ပြင် စွမ်းဆောင်ပေးနိုင်မည့် စွမ်းဆောင်ရည်တို့ အစဉ်အမြဲ ထက်မြက်ခိုင်မာနေစေရအောင် မိမိတို့ကိုယ်မိမိတို့ လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံ့တာဝန်၊ ပညာရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပေးကြပါဟု ပထမဦးစွာ မှာကြားလိုကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ့်အားကိုယ်ကိုးမှုကို အခြေခံသည့် မှန်ကန်သော ကြိုးပမ်းအားထုတ်မှုဖြင့် တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံကောင်းများ

ဤရည်မှန်းချက် ပြည့်ဝအောင်မြင်စေရေးအတွက် ပဓာနအကျဆုံး အကြောင်းရင်းခံများဖြစ်သည့် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို အခြေခံသော တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများကိုအခြေခံသော စီးပွားရေးအခြေခံကောင်းများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်ထိန်းသိမ်းနိုင်မည့် လူ့စွမ်းအားအရင်းမြစ်များ ပြုစုပျိုးထောင်မွေးထုတ်နိုင်သည့် ပညာရေးအခြေခံကောင်းများကိုလည်း တည်ဆောက်ထားနိုင်ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ပညာရေးကဏ္ဍက အဓိကစွမ်းအားစုများဖြစ်သည့် ဆရာ၊ ဆရာမများအနေဖြင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သော ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိန်းသိမ်းမြှင့်တင်နိုင်စေရန်အတွက် နိုင်ငံတကာ သိပ္ပံနှင့် နည်းပညာ တိုးတက်ပြောင်းလဲမှုများဖြင့် ရင်ပေါင်တန်းလိုက်ပါနိုင်စေရန် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်နေကြရန်လိုကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိနိုင်ငံ၏ အမျိုးသားရေးဦးတည်ချက်များ၊ မျှော်မှန်းချက်များနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ တိုးတက်ဖြစ်ထွန်းလာစေရအောင် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များဖြင့် အထောက်အကူပြုနိုင်စေရန် ပညာရေးကဏ္ဍကတစ်ဆင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် မျက်မှောက်ခေတ်၏စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်စေရေးသည် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းစေရန်သာမက ဝိဇ္ဇာပညာရပ်များလည်း ဟန်ချက်ညီညီ တိုးတက်မြင့်မားလာစေရအောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ခေတ်ကာလနှင့်တစ်ပြေးညီ

ဝိဇ္ဇာပညာရပ်များ တိုးတက်ထွန်းကားပြီး အသိပညာရှင်များ ခေတ်ကာလနှင့် တစ်ပြေးညီ ပေါ်ထွန်းနေပါမှလည်း မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများကို မှန်မှားကောင်းဆိုး အကျိုးအပြစ်တို့ကို ဝေဖန်ပိုင်းခြားချင့်ချိန်နိုင်သော အသိဉာဏ်အမြော်အမြင် ဆင်ခြင်တုံတရားဖြင့် ပြည့်ဝစေမည်ဖြစ်ကြောင်း၊ ပြည်သူအများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မြင့်မားပြီး ဆိုးကောင်းမှန်မှား ချင့်ချိန်နိုင်ပါမှ မြန်မာ့လူ့ဘောင်အသိုင်းအဝိုင်းသည် တရားမဲ့ ပြုကျင့်မှုများ၊ ဥပဒေစည်းကမ်းဖောက်ဖျက်မှုများ ကင်းရှင်းသည့် တည်ငြိမ်အေးချမ်းပြီး သာယာမျှတသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ကြောင်း။

အလားတူပင် နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့် နည်းပညာရပ်များကို အချိန်နှင့် တစ်ပြေးညီရယူပြီး အရည်အသွေးမြင့်မားသည့် အတတ်ပညာရှင်၊ နည်းပညာရှင်များ ပြည့်စုံလုံလောက်စွာ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်အောင်၊ ကြွယ်ဝချမ်းသာအောင် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားဖြင့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

အထူးသဖြင့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များအားလုံးသည် မိမိတတ်သိကျွမ်းကျင်ရာ အသိပညာ၊ အတတ်ပညာ၊ နည်းပညာရပ်များဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလိုသောစိတ်ဓာတ်၊ အခြေအနေအချိန်အခါအရပ်ရပ်တွင် မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးလိုသော စိတ်ဓာတ်တို့ နိုးကြားခိုင်မာနေစေရန် လိုအပ်ကြောင်း။

ကြိုတင်လေ့ကျင့်ပျိုးထောင်

တစ်နည်းအားဖြင့် မိမိတို့၏ ပညာရပ်ဆိုင်ရာ စွမ်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို မြှင့်တင်ပေးလိုသော တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ထက်သန်ခိုင်မာနေစေအောင် ပညာရေးကဏ္ဍက ကြိုတင်လေ့ကျင့် ပျိုးထောင်ပေးထားနိုင်မှသာ အမိနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ယှဉ်တွဲဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသာယာဝပြောစွာဖြင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်ကြောင်း။

ဤမျှော်မှန်းချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးမြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းတို့ကို ဆင့်ကဲဆင့်ကဲ ချမှတ်ပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို စနစ်တကျ ချိတ်ဆက်ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းပြီး နိုင်ငံတော်အတွက် ရေရှည်လိုအပ်မည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ ခေတ်နှင့်လျော်ညီစွာ အရည်အသွေးမြင့်မြင့်မားမားဖြင့် စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရအောင်နှင့် နိုင်ငံတော်အတွင်း နိုင်ငံတကာအဆင့်မီ ဝိဇ္ဇာ၊သိပ္ပံပညာရပ်များနှင့် နည်းပညာရပ်များ ထွန်းကားပြန့်ပွားစေရအောင် ဆရာ၊ ဆရာမအားလုံးက ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ယှဉ်တွဲတည်ဆောက်နေ

အမှန်တကယ်အားဖြင့် ယနေ့ မိမိတို့ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းအဆင့်ဆင့်သည် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို မျက်မှောက်ကာလတွင်သာမက အနာဂတ်ကာလတွင်ပါ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများရရှိစေရုံသာမက ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများနှင့် လူမှုတန်ဖိုးများကိုပါ လေးစားမြတ်နိုး ထိန်းသိမ်းမြှင့်တင်လိုသည့် စိတ်ဓာတ်စွမ်းအားများကိုပါ ယှဉ်တွဲတည်ဆောက်ပေးနေသော အစီအမံများပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသူ၊ ကျောင်းသားလူငယ်များ၏စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားမြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် လူမှုတန်ဖိုးများကို လေးစားမြတ်နိုးရေး၊ မိမိရပ်ရွာ မိမိဒေသက စ၍ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးလိုသော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေးတို့အတွက်ပါ စေတနာထား လေ့ကျင့်ပျိုးထောင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး တစ်ဆက်တစ်စပ်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရအောင် နယ်ပယ်ကဏ္ဍစုံတွင် စနစ်တကျ စီမံကိန်းများ ချမှတ်ဆောင်ရွက်နေသည့်အတွက် ယနေ့အချိန်အခါတွင် နိုင်ငံနှင့်အဝန်း၌ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ အောင်မြင်ဖြစ်ထွန်းစပြုနေပြီဖြစ်ကြောင်း။

အစီအရီဖြစ်ထွန်း

နယ်မြေဒေသတိုင်းတွင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးလုပ်ငန်းများ တိုးတက်မြင့်မားစေရန်အတွက် ရပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းမကြီးများ၊ မြစ်ကူး၊ချောင်းကူး တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ လေယာဉ်ကွင်းကြီးများ၊ လျှပ်စစ်နှင့်စွမ်းအင်စီမံကိန်းကြီးများ အစီအရီ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အလားတူပင် နယ်မြေဒေသတိုင်းတွင် စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များ၊ ဆေးရုံကြီးများ စသည့် လူမှုရေးတိုးတက်ဖြစ်ထွန်းမှုဆိုင်ရာ အခြေခံအဆောက်အအုံများ အလုံးအရင်းဖြင့် ပေါ်ထွန်းလာနေပြီဖြစ်ကြောင်း။

နယ်စပ်ဒေသများအပါအဝင် ဝေးလံခေါင်ဖျားဒေသများနှင့် ကျေးလက်ဒေသများ၌ အခြေခံပညာကျောင်းများ၊ ဆေးရုံနှင့်ဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများအပါအဝင် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အခြေခံလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းပေးထားသည့်အပြင် ပြည်နယ်နှင့်တိုင်း ၁၄ခု၌ ဖြန့်ကြက်တည်ရှိနေသော ဖွံ့ဖြိုးရေးအထူးဒေသကြီးတိုင်းတွင် အထူးကုဆေးရုံကြီးများ၊ တက္ကသိုလ်ကောလိပ်များ၊ နည်းပညာကောလိပ်နှင့်ကွန်ပျူတာကောလိပ်များကို ထည့်သွင်း တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းပပျောက်ရေးကို နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒတစ်ရပ်အဖြစ်ထားရှိပြီး စနစ်တကျစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိသည့်အတွက် နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများ၏ တည်ငြိမ်အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် မည်သည့်ခေတ် မည်သည့်ကာလနှင့်မျှ မနှိုင်းယှဉ်သာအောင် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အခြေခံပညာကျောင်းများ

ကျေးလက်ဒေသများ၌ မူလတန်းပညာသာမက အလယ်တန်းပညာနှင့် အထက်တန်းပညာတို့ကိုပါ လက်လှမ်းတမီ သင်ယူနိုင်စေရအောင် မူလတန်းကျောင်း ၃၀၄၀၈ကျောင်း၊ မူလတန်းလွန်ကျောင်း ၅၅၄၅ကျောင်း၊ အလယ်တန်းကျောင်း ၂၆၀၅ကျောင်းနှင့် အထက်တန်းကျောင်း ၁၉၆၇ကျောင်း စုစုပေါင်း

ဆရာ၊ ဆရာမတို့အနေဖြင့် မိမိတာဝန်ကျရာ နယ်မြေဒေသအတွင်း စာတတ်မြောက်သူတိုးပွားပြီး စာမတတ်သူ လျော့နည်းပပျောက်သွားစေရအောင်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်စေရအောင်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ဆင့် ကူးပြောင်းပြီး အထက်တန်းပညာ ဆုံးခန်းတိုင် သင်ယူနိုင်စေရအောင် ကျောင်းသား၊ ကျောင်းသူလူငယ်များနှင့်တကွ မိဘပြည်သူများကိုပါ စည်းရုံး ဦးဆောင်။

ရှိမှု၊ မျှတစွာဖွံ့ဖြိုးမှု၊ ထာဝရပေါင်းစည်းမှုတို့ကို ရေရှည်အာမခံနိုင်မည့် သီလာခံကြီး ကျင်းပကြိုးပမ်းလျက်ရှိရာ ကဏ္ဍတစ်ရပ် ထပ်မံပြီးဆုံးခဲ့ပြန်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သင်တန်းသား၊ သင်တန်းသူ အခြေခံပညာဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အခြေခံပညာကျောင်း ၄၀၅၂၅ကျောင်းကို နိုင်ငံတစ်နံတစ်လျားတွင် ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ထို့အပြင် နယ်မြေဒေသအသီးသီး၌ရှိသည့် အခြေခံပညာကျောင်းများတွင် e-Education Learning Centre များ ဖြန့်ကြက်ထူထောင်ပေးထားသကဲ့သို့ Multi-Media စာသင်ခန်းများလည်း ဖွင့်လှစ်ပေးထားသည့်အတွက် ဗဟိုကပို့ချသော သင်ခန်းစာများကို နယ်မြေဒေသအသီးသီးက ကျောင်းသူ၊ ကျောင်းသားများသည် ရုပ်မြင်သံကြားကတစ်ဆင့်၊ တိပ်ခွေ၊ VCD-CD Romတို့ကတစ်ဆင့် တစ်ပြေးညီ လေ့လာသင်ယူခွင့် ရရှိနေပြီဖြစ်ကြောင်း။

၎င်းသည် ကျောင်းနှင့် ကျောင်းဆရာကို ကျောင်းသူ၊ ကျောင်းသားများထံ အရောက်ပို့ပြီး ကျေးလက်နှင့်မြို့ပြ ပညာသင်ယူနိုင်မှု အခွင့်အလမ်း တဖြည်းဖြည်း ညီမျှလာစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် ပညာရေး၊ ကျန်းမာရေးကအစ နယ်မြေဒေသအားလုံး တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအားလုံးက ဤရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရအောင် မိမိတို့ တာဝန်ကျရာ အရပ်ဒေသများ၌ ရည်မှန်းချက်ရှိရှိဖြင့် ထက်ထက်သန်သန် တက်တက်ကြွကြွ အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

စည်းရုံးဦးဆောင်

ယင်းအတွက် ဆရာ၊ ဆရာမတို့အနေဖြင့် မိမိတာဝန်ကျရာ နယ်မြေဒေသအတွင်း စာတတ်မြောက်သူတိုးပွားပြီး စာမတတ်သူ လျော့နည်းပပျောက်သွားစေရအောင်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်စေရအောင်၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ဆင့် ကူးပြောင်းပြီး အထက်တန်းပညာ ဆုံးခန်းတိုင်သင်ယူနိုင်စေရအောင် ကျောင်းသား၊ ကျောင်းသူ လူငယ်များနှင့်တကွ မိဘပြည်သူများကိုပါ စည်းရုံးဦးဆောင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူ လူငယ်များကို သာမက ဒေသခံပြည်သူများကိုလည်း အသိအမြင် ဗဟုသုတကြွယ်ဝအောင်၊ အမြင်ကျယ်အောင် ပညာပေးစည်းရုံးပြီး ကျေးလက်ဒေသ၏ အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေး၊မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို ခေတ်နှင့်ညီအောင်၊ ဖွံ့ဖြိုးအောင် ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဤနည်းအားဖြင့် ပြည်သူလူထု၏ အသက်မွေးမှုအခြေခံများကို မြှင့်တင်ပေးကြရမှာဖြစ်ကြောင်း။

ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုပုံစံဖြစ်လာရေးကအစ လူမှုဘဝမြင့်မားရေး၊ ကျေးလက်စီးပွားတိုးတက်ရေးတို့ကို ဦးစီးဆောင်ရွက်ပေးရင်း ကျေးလက်နှင့်မြို့ပြ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းကျဉ်းမြောင်းသွားအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပညာပေးစည်းရုံး

ဆရာဆိုတာ တပည့်များမှတစ်ဆင့် လူထုနှင့် နေ့စဉ်ထိတွေ့နေရသည့်အပြင် လူထုအပေါ်ကောင်းသော ဩဇာသက်ရောက်နိုင်သည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ဤကောင်းသောဩဇာကို ရပ်ရွာကောင်းကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးဆောင်ရွက်သည့် စေတနာလုပ်ရပ်နှင့် ပေါင်းစပ်ပြီး ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများကိုယ်တိုင် ကြိုးစားဆောင်ရွက်လာနိုင်ကြစေရန် ပညာပေးစည်းရုံးကြရမှာဖြစ်ကြောင်း။

တိုင်းရင်းသားလူမျိုးများစွာဖြင့် ပေါင်းစည်းဖြစ်တည်နေသည့် မိမိတို့နိုင်ငံတော်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့သည် အရာရာကို ပိုင်းဖြတ်ဆုံးဖြတ်ပေးလျက်ရှိကြောင်း၊ ဤစိတ်ဓာတ်စွမ်းအားများဖြင့်သာ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်နိုင်မှာဖြစ်ကြောင်း။

ယနေ့အချိန်အခါကာလသည် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားအပြည့်အဝဖြင့် မိမိရပ်ရွာ၊ မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘိုးဘွားအမွေဖြစ်သည့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်ရမည့် အချိန်အခါကောင်းကို ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုးကြားစွာဆောင်ရွက်

ဤသို့သော အခြေအနေအချိန်အခါတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နေသည်ကို မရှုဆိတ်နိုင်သည့်အဖျက်သမားများသည် နိုင်ငံတော် အေးချမ်းသာယာမှု ပျက်ပြားအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အဓိကပစ်မှတ်ထားသွေးခွဲသပ်လျှိုလျက်ရှိသည်ကိုလည်း ဆရာ၊ ဆရာမများ သတိပြုမိကြမည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ယင်းအဖျက်သမားများသည် တိုင်းရင်းသားလူမျိုးများအကြားတွင် တစ်ယူသန် လူမျိုးရေးအစွဲအလမ်းများနှင့် အယူဝါဒရေး၊ ဂိုဏ်းဂဏရေးကွဲပြားမှုများ ပြန်လည်ခေါင်းထောင်လာအောင် စနစ်တကျ လုပ်ကြံဖန်တီး သွေးထိုးသပ်လျှိုလျက်ရှိသည့်အတွက် ယင်းလုပ်ကြံဖန်တီး သွေးခွဲသပ်လျှိုမှုများ၏ ဆိုးညစ်သည့် ရည်ရွယ်ချက်နှင့် ကြီးမားသည့် အန္တရာယ်ကို ဒေသခံတိုင်းရင်းသားပြည်သူများအားလုံးက အမြင်ရှင်းရှင်းဖြင့် သိမြင်နိုင်ရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ဖယ်ရှားနိုင်စေရန် ဆရာ၊ ဆရာမများက ပညာပေးစည်းရုံးမှုများကို စဉ်ဆက်မပြတ် နိုးကြားစွာ ဆောင်ရွက်နေကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သမိုင်း၏ ဆိုးမွေများဖြစ်သည့် တစ်ယူသန် လူမျိုးရေး အစွဲအလန်းများ၊ အုပ်ကွဲသင်းကွဲဝါဒများ၊ အယူဝါဒရေး၊ ဂိုဏ်းဂဏရေး၊ ပုဂ္ဂိုလ်ရေးအခြေခံသည့် စိတ်ဝမ်းကွဲပြားမှုများ မြန်မာ့မြေပေါ်မှ အပြီးတိုင် ဖယ်ရှားပစ်နိုင်စေရန်နှင့် စည်းလုံးညီညွတ် စုစည်းခိုင်မာသည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ ခိုင်မြဲနေစေရန်အတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ကြီးကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြည့်မြောက်ရေးအပေါ်တွင် လုံးဝဥဿုံ တည်မှီလျက်ရှိကြောင်း။

ယင်းမူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တိုင်းရင်းသားလူမျိုးအားလုံး၏ စည်းလုံးညီညွတ်မှု၊ တန်းတူရည်တူရှိမှု၊ မျှတစွာ ဖွံ့ဖြိုးတိုးတက်မှု၊ အစဉ်ထာဝရ ပေါင်းစည်းလက်တွဲမှုတို့ကို ရေရှည်အာမခံနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ထွန်းလာစေရန် အမျိုးသားညီလာခံကြီးကို ကျင်းပပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် အမျိုးသားညီလာခံကြီး၏ အပိုင်းကဏ္ဍတစ်ရပ် ထပ်မံပြီး အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ပြန်ပြီ ဖြစ်ကြောင်း။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အဆင့်ဆင့်၏ အဆင့်တိုင်း အဆင့်တိုင်း ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းမှသာ ပြည်ထောင်စုကြီး၏ ရှေ့ရေးစိတ်အေးရမည်ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်အဆင့်ဆင့် အောင်မြင်ဖြစ်ထွန်းစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကျရာကဏ္ဍက ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတကာအဆင့်မီ ဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ တတ်သိကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်များလာမှသာ အမိနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်နိုင်စွမ်းရှိမှာဖြစ်သကဲ့သို့ ပြည်သူများပညာရည်မြင့်မားပြီး အသိဉာဏ်ဗဟုသုတပြည့်စုံကြွယ်ဝမှသာ မိမိနိုင်ငံ မိမိကာကွယ်စောင့်ရှောက်နိုင်မှာဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်ပေး

ထို့ကြောင့် ဆရာ၊ ဆရာမများအားလုံးက မိမိတို့၏တပည့် ကျောင်းသား၊ ကျောင်းသူလူငယ်များကို မိမိနိုင်ငံ မိမိတည်ဆောက်နိုင်စွမ်းရှိသည့် ပညာရည်နှင့်ပြည့်စုံစေရန်၊ ဤပညာရည်စွမ်းအားကို နိုင်ငံဖွံ့ဖြိုးရေးအတွက် အပြုသဘောအသုံးပြုတတ်သည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

တစ်ချိန်တည်းမှာပင် မိမိ၏ တပည့်ကျောင်းသား၊ ကျောင်းသူလူငယ်များအပါအဝင် မိမိတို့ တာဝန်ကျရာအရပ်ဒေသရှိ တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျှဝေခံစားရေးစိတ်ဓာတ်၊ တည်ငြိမ်အေးချမ်းရေးစိတ်ဓာတ်၊ နိုင်ငံတည်ဆောက်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားပြန့်ပွားထက်သန်ခိုင်မာစေရန် စည်းရုံးဆောင်ရွက်ပေးကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **အမျိုးသားပညာရည်မြင့်မားရေး ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်ရင်း မိမိတာဝန်ကျရာရပ်ရွာဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ပေးကြပါ၊**
- **ပြည်ထောင်စုကြီး အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပွားများဖြစ်ထွန်းစေရန် စည်းရုံးဦးဆောင် ဆောင်ရွက်သွားကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရန် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု ပြောကြားသွားသည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ခြင်း အစီအစဉ်ကိုကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းသားစံပြဆုရ သင်တန်းသားအမှတ်–အီး(၄၃) မကွေးတိုင်း ပွင့်ဖြူမြို့နယ် အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာ ဦးအောင်ဖုန်းဇော်၊ သင်တန်းသူစံပြဆုရ သင်တန်းသူအမှတ်–စီ(၅၃) မကွေးတိုင်း နတ်မောက်မြို့နယ် ဖန်ခါးစမ်း အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အလယ်တန်းပြဆရာမ ဒေါ်စန္ဒာမြင့်အားလည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုရ သင်တန်းသားအမှတ်–အီး(၈၁) မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် နတ်မြှောင်းရွာ အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းကျောင်းအုပ် ဦးသက်ထွန်း၊ သင်တန်းသူ ဖွဲ့လုံ့လဆုရ သင်တန်းသူ အမှတ်–စီ(၃၂) မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင် အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ခင်သန်းနွဲ့နှင့် သင်တန်းသူ အမှတ်–ဒီ(၉၉) စစ်ကိုင်းတိုင်း ရေဦးမြို့နယ် မစိုးရိမ်ရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်တို့အားလည်းကောင်း ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)က စံပြအဆောင်ဆုရရှိသော အမျိုးသားအမှတ်(၁) တပ်ခွဲအဆောင်(၅)နှင့် အမျိုးသမီးအမှတ်(၁)တပ်ခွဲ အဆောင်(၂)တို့ကိုလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယသင်တန်းသားခေါင်းဆောင်များမှတစ်ဆင့် သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၄)မှ သင်တန်းသား၊သင်တန်းသူ ဆရာ၊ ဆရာမများက လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် အလှူငွေ၊ စွယ်တော်မြတ်စေတီတော်(မန္တလေး)အတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်အတွက် လှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် လှူဒါန်းငွေ၊ အမျိုးသားညီလာခံအတွက် ဂုဏ်ပြုလှူဒါန်းငွေနှင့် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် အလှူငွေအပါအဝင် အလှူငွေစုစုပေါင်းငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ အတွင်းရေးမှူး(၁)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ သင်တန်းဆင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်း သင်တန်းသား၊ သင်တန်းသူအခြေခံပညာ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အသောကသီတဂူ စာသင်တိုက်ဓမ္မပူဇာသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် (၁၆)ရပ်ကွက် အပိုင်း(၁) ဇောတိကလမ်းရှိ အသောကသီတဂူ ပရိယတ္တိစာသင်တိုက်၌ တရားပွဲကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၀ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၁၃ရက်တွင် ဓမ္မစေတီ အရှင်ကောသလ္လ၊ ၁၄ရက်တွင် အရှင်သိရိဒတ္တာလင်္ကာရ၊ ၁၅ ရက်တွင် အရှင်ကုမာရနှင့် ၁၆ရက်တွင် အရှင် အာစာရာလင်္ကာရတို့က ညစဉ် ၇ နာရီမှ စတင်၍ တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။

(က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇–၂–၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ဘုရားလမ်း သုတေသနနှင့်မျိုးပွားခြ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	ဗွီစီဒီမိတ်ဆက် (ဖြူဖြူကျော်သိန်း–လုံးဝမသက်ဆိုင်တော့ပါ)
၇း၅၀	မြစိမ်းရောင် ဘက်စုံစိုက်ပျိုး မွေးမြူရေးစခန်း (ဝက်မွေးမြူရေးလုပ်ငန်း)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	ဗိုလ်မြတ်ထွန်းတံတား
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	စေ့စေ့စပ်စပ် (ဇော်ဦး၊ ခိုင်နှင်းဝေ)
၈း၂၀	မိုးလေဝသခန့်မှန်းချက်
၈း၂၅	တေးဂီတအစီအစဉ်
၈း၄၀	အမှတ်(၁) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ဆင်တဲ)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၅	မြန်မာ–ဂျပန် ချစ်ကြည်ရေးပန်းချီပြပွဲ
၉း၁၅	နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (မင်းနဂါးနှင့် ဟိန်းညီညီ)
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	Business Talk(1) (Ebook) အပိုင်း(၂) (ဦးမျိုးမြတ်သူ၊ ဦးဌေးဝင်း–၂၊ဘုန်းခိုင်ဝင်း)
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	သင်ပုန်းရေလှောင်တမံ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	ရိုးမတောမှ ကျွန်းရတနာများ
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	Sunday Talk
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	အားကစားနှင့်ကျန်းမာရေး
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

FA ဘောလုံးပွဲစဉ်များ

ညပိုင်း	**အစီအစဉ်**
၂း၀၀	Birmingham-Reading
လိုင်း	5-Sports (Live)

✳ ကျောဖုံးမှ

ကော်မတီ အသင်းတို့ အပါအဝင် ပြိုင်ပွဲဝင်အသင်းပေါင်း ၃၃ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဂေါက်သီးရိုက်ပြိုင်ပွဲဝင်အသင်း ၃၃ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် ၂၀၀၅ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် သတ်မှတ်နေရာ အသီးသီးတို့၌ နေရာယူကြသည်။

ပြိုင်ပွဲဖွင့်လှစ်

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ၂၀၀၅ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က Tracer Ball များရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပါဝင်ကစားကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်း ၃၃ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် ၂၀၀၅ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့ (၁၈)ကျင်းကို စတင်ယှဉ်ပြိုင်ကြပြီး ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲကို ရပ်နားလိုက်သည်။

၂၀၀၅ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ဖေဖော်ဝါရီ ၅ ရက် နံနက် ၆ နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါ ဒုတိယနေ့နှင့်နောက်ဆုံးနေ့ ပြိုင်ပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဂေါက်သီးရိုက်အသင်း ၃၃ သင်းတို့မှ အားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲကို ကျင်းပရာ ပြိုင်ပွဲဝင်အသင်း ၃၃ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ပွဲစဉ်များအတိုင်း ဆက်လက် ယှဉ်ပြိုင်ကြပြီး ပွဲစဉ်များ အားလုံးညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

၂၀၀၅ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် Tracer Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း Tracer Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)





နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် Tracer Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



၂၀၀၅ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် Tracer Ball ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

ယင်းနောက် ၂၀၀၅ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ညနေ ၆ နာရီတွင် ရေတံခွန်တောင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် ပြိုင်ပွဲဝင်ဂေါက်သီးရိုက်အသင်း ၃၃ သင်းတို့မှ အားကစားသမားများ တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ညှော်ခံဖျော်ဖြေ

ဆုချီးမြှင့်ခြင်းအခမ်းအနားမစတင်မီ တေးသံရှင်များက မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ၏ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် သီဆိုညှော်ခံဖျော်ဖြေကြသည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ၂၀၀၅ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပြိုင်ပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

● စာမျက်နှာ ၁၀ မှ

ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲ ပထမနှင့် အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲ ပထမရရှိသွားသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ အသင်းခေါင်းဆောင်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဆုဖလားကြီးများကိုပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲတွင် တတိယဆုရ ဝန်ကြီးချုပ်ရုံးအသင်း၊ ဒုတိယဆုရ ပြည်ထဲရေး ဝန်ကြီးဌာန အသင်း၊ ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် အသင်းလိုက်(အကျော့မဲ့) ပြိုင်ပွဲတွင် တတိယဆုရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအသင်း၊ ဒုတိယ ဆုရ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ပထမဆုရ ကာကွယ်ရေးဝန်ကြီး ဌာနအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဆွတ်ခူးရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ အားကစားသမားများနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

၂၀၀၅ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၄၇၆ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၄၇၉ ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဒုတိယနှင့် စုစုပေါင်းရိုက်ချက် ၄၉၆ ချက်ဖြင့်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက တတိယရရှိကြသည်။

တစ်ဦးချင်း (အကျော့ပေး)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၁၂၃ ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းမှ ဦးမြင့်လွင်က ပထမ၊ စုစုပေါင်း ရိုက်ချက် ၁၂၄ ချက်ဖြင့် ကာကွယ်ရေး ဝန်ကြီး ဌာနအသင်းမှ ဗိုလ်မှူးတက်လွင်ထွန်းက ဒုတိယနှင့် စုစုပေါင်းရိုက်ချက် ၁၂၈ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီး ဌာနအသင်းမှ ဒုတိယဗိုလ်မှူးကြီး မင်းဇော်က တတိယရရှိကြသည်။

တစ်ဦးချင်း (အကျော့မဲ့)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၁၅၆ ချက်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းမှ ဗိုလ်မှူး မောင်မောင်မြင့်က ပထမ၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းမှ ဦးမြင့်ဆွေက ဒုတိယနှင့် စုစုပေါင်း ရိုက်ချက် ၁၅၉ ချက်ဖြင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းမှ ဦးမြင့်လွင်က တတိယရရှိကြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပြိုင်ပွဲတွင် ကူညီပံ့ပိုးသည့် ရန်ကုန်မြို့တော် ဂေါက်ကွင်းမှ Marker များကိုယ်စား အုပ်ချုပ်ရေးမှူးအား ဂုဏ်ပြု ဆုငွေများကို လည်းကောင်း၊ အကောင်းဆုံး အရှုံးသမား (အကျော့ပေး)နှင့် အကောင်းဆုံး အရှုံးသမား (အကျော့မဲ့)ရရှိသည့် အသင်းများအား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က Most Eagle၊ Most Birdie၊ Most Par၊ Longest Drive နှင့် Nearest Pin ရသူများ၊ တစ်ဦးချင်း (အကျော့ပေး) ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယရသူများနှင့် တစ်ဦးချင်း(အကျော့မဲ့)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယရသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးများနှင့် မန္တလေးမြို့တော်ဝန်တို့က အသင်းလိုက် အကောင်းဆုံးရိုက်ချက် ရရှိသူများနှင့် တစ်ဦးချင်း (အကျော့ပေး)ပြိုင်ပွဲ၌ အဆင့် (၄)မှ (၂၀)အထိ ရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဆွတ်ခူးရရှိသွားသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ အားကစားသမားများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

၂၀၀၅ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်း တည်ဆောက်ခြင်းနှင့် သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)တို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံကျေးလက်ဒေသ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးလုပ်ငန်းများကို စည်းရုံးပညာပေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၀ ရက်တွင် ကန်ကြီးထောင့်မြို့နယ် သဘော့ဂူ ကျေးရွာ၌ တစ်ပိုင်တစ်နိုင် စံပြငါးသားဖောက်စခန်းငယ် တစ်ခုတည်ဆောက်ပြီး သင်တန်း ဖွင့်လှစ်ပို့ချပေးသည်။

အဆိုပါ သင်တန်းတွင် ဒေသခံ သင်တန်းသား ၄၂ ဦး တက်ရောက်ပြီး ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးဝင်းမြင့်စောက အဖွင့်အမှာစကား ပြောကြားပြီး (JICA)မှ ကျွမ်းကျင်မှုပညာရှင် Mr. Shingo Takahashi က အမှာစကား ပြောကြားသည်။ ထို့နောက် ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးက ငါးသားဖောက်စခန်း မြေနေရာ ရွေးချယ်ခြင်းနှင့် တည်ဆောက်ခြင်း လုပ်ငန်းဆိုင်ရာများ၊ ပုသိမ်ငါးလုပ်ငန်း ဦးစီးဌာနမှ စခန်းတာဝန်ခံ ဦးရဲထွန်းနိုင်က ငါးသားဖောက်ခြင်းဆိုင်ရာ နည်းစနစ်များကို ပို့ချပေးသည်။

(သတင်းစဉ်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝမ်ကျန်ကျောက်စီ သစ်သားတံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခင်မောင်ကျော် ကွင်းဆင်းစစ်ဆေးပြီး အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တွံတေး(မြို့မ) အလက မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

တွံတေး(မြို့မ) အလက (မက်သဒစ်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၉ နာရီခွဲတွင် တွံတေး အလက (မြို့မ) ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူ၊ကျောင်းသားဟောင်းများအနေဖြင့် ဦးကျော်မြင့် ဖုန်း-၀၉-၅၀၀၀၈၅၁၊ ဦးတင်ဦး ဖုန်း-၀၁-၂၄၄၂၁၃၊ ဦးခင်မောင်ကျော် ဖုန်း-၀၄၅-၅၀၁၅၀၊ ဦးမောင်ကို ဖုန်း-၀၄၅-၅၀၂၃၈၊ ဦးအောင်သူ ဖုန်း-၀၄၅-၅၀၃၅၄ တို့ထံ အလှူငွေများ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားသည်။ (က-ပ)

ဝိုင်အမ်ဘီအေ နှမ်းမနဲပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA) သတ္တမအကြိမ်မြောက် နှမ်းမနဲထိုးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြီး ဖေဖော်ဝါရီ ၂၀ရက် (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ပရိသတ်များအား အမှတ်(၇၇) ရေကျော်လမ်းရှိ အသင်းတိုက်၌ နှမ်းမနဲ စတုဒိသာ ကျွေးမွေးဧည့်ခံမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် နှမ်းမနဲတစ်ဒယ်လျှင် ငွေကျပ် ၁၅၀၀၀ ဖြင့် ဖုန်း-၂၉၀၄၀၉၊ ၂၉၁၃၇၄၊ ၂၉၉၇၁၄ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၃)

အာဆီယံ-ဂျပန်ဒေသဆိုင်ရာ လူငယ်တွေ့ဆုံပွဲ (လာအို-၂၀၀၅) အတွေ့အကြုံရှင်းလင်းပွဲကို သံဖြူဇရပ်မြို့ မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ သံဖြူဇရပ် အထက(၁)မှ အလယ်တန်းပြဆရာမ ဒေါ်အေးအေးမွန် ရှင်းလင်းပြောကြားစဉ်။ (ပညာရေး)

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် မော်လမြိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ တက်ရောက်အားပေး

ရန်ကုန် ဖေဖော်ဝါရီ ၆

အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၉ နာရီခွဲတွင် မော်လမြိုင်တပ်နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးခြံ၌ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မော်လမြိုင်တပ်နယ် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် တပ်မတော်အရာရှိကြီးများနှင့်အတူ သတ်မှတ်နေရာများတွင် ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးပြီး တပ်နယ်မှအရာရှိစစ်သည်မိသားစုဝင်များ၏ ကြက်ဆူပျိုးပင်များ၊ ကြက်ဆူမျိုးပွားကိုင်းပင်များ တပျော်တပါးစုပေါင်း စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထည့်သွင်းပေး

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကြက်ဆူမျိုးစေ့များ၊ ကြက်ဆူမျိုးကိုင်းများကို ပျိုးအိတ်အတွင်း ထည့်သွင်းစိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများအား ကြက်ဆူပင်စိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိန်ဝင်းက ခြံစည်းရိုးကြက်ဆူပင်၏ စိုက်ပျိုးနည်းနှင့် အကျိုးဖြစ်ထွန်းမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများသည် မျိုးစေ့များ၊ ပျိုးပင်များနှင့် မျိုးကိုင်းများကိုလည်းကောင်း၊ ကြက်ဆူကြိတ်စက်ဖြင့် ကြက်ဆူဆီထုတ်လုပ်ပုံကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာ(၁၆)လက်တွန်းထွန်စက်ကို ကြက်ဆူဆီထည့်၍ မောင်းနှင်ပြသမှုနှင့် လယ်ထွန်စက်ကြီးများဖြင့် မြေယာထွန်ယက်ပြသမှုတို့ကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ကြိုးပမ်းဆောင်ရွက်

အဆိုပါအခမ်းအနားတွင် မော်လမြိုင်တပ်နယ် တပ်ရင်းတပ်ဖွဲ့များမှ မြေ ၁၅ ဧကတွင် ကြက်ဆူပျိုးပင်နှင့် မျိုးကိုင်း ၁၀၀၀၀၀ စိုက်ပျိုးခဲ့ပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် တပ်ရင်းတပ်ဖွဲ့များတွင် ယခုအထိ ဧက၂၀၀ စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်းနှင့် ၂၀၀၆ခုနှစ်အတွင်း မွန်ပြည်နယ် ၁၀မြို့နယ်၌ ကြက်ဆူပင် စိုက်ဧက တစ်သိန်း စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် မော်လမြိုင် တပ်နယ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် ခင်းကျင်းပြသထားသော ကြက်ဆူမျိုးစေ့၊ မျိုးကိုင်းနှင့် ပျိုးပင်ပေါက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိန်ပန်းသိမ်ကျောင်း ရေစက်ချတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

လှိုင်မြို့နယ် (၁၄)ရပ်ကွက် မြနန္ဒာအိမ်ရာရှိ မိုးကုတ်ဝိသုဒ္ဓါရာမ စိန်ပန်းဆရာတော်ကျောင်း ကျောင်းတော်နှင့် သိမ်တော်ရေစက်ချပွဲနှင့် အထူးဓမ္မပူဇာတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၈ရက် ည ၇နာရီတွင် ပလ္လင်ဖွင့်ပွဲအဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဩဝါဒါစရိယ ပဏ္ဍိတာရာမ စာသင်တိုက်ကြီး၏ ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ဩဝါဒတရားနာယူပြီး ရွှေလင်းယုံဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရစိန္ဒာဘိဝံသ၊ ၉ ရက်တွင် အရှင်တေဇိန္ဒ ဓမ္မာစရိယ ပဋိပတ္တိသာသနာပြု နယ်လှည့်ဓမ္မကထိက၊ ၁၀ ရက်တွင် ဆရာတော် ဦးဇာဂရ(ဓမ္မာစရိယ)၊ ၁၁ ရက်တွင် ဦးဓမ္မသာရ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ သာသနဓဇ ဓမ္မာစရိယ၊ ၁၂ ရက်တွင် ပန်းတပွင့်တောင်ဆရာတော် ဘဒ္ဒန္တပညာသာရ သဒ္ဓမ္မဇောတိကဓဇတို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (၆၁)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၏ ဒုတိယအကြိမ် နှစ်ပတ်လည် အစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲကို ဖေဖော်ဝါရီ ၁၀ ရက်(သောကြာနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ၆မိုင်ခွဲရှိ International Business Centre(IBC)၏ Conference Hall ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ဓနုတိုင်းရင်းသားမိသားစု ရိုးရာအစားအစာ ညှော်ခံမည်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အခါးရည်ကြမ်းဝိုင်းကို ဖေဖော်ဝါရီ ၁၂ရက် မွန်းလွဲ ၁နာရီတွင် ရိုးရာအစားအစာများဖြင့် ကျွေးမွေးညှော်ခံမည်ဖြစ်၍ ဓနုတိုင်းရင်းသားဓမ္မာရုံ ကြားတောရလမ်းနှင့် ရေတာရှည်လမ်းထောင့် မြို့မရပ် ဗဟန်းမြို့နယ်သို့ လာရောက်ကြရန် ဓနုတိုင်းရင်းသားများအား ဖိတ်ကြားထားသည်။ (က-ပ)

ကြက်ဆူဆီဖြင့် စက်ရေတွင်းမောင်းနှင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှ လိုက်ပါလျက် ဖေဖော်ဝါရီ ၃ရက် မွန်းလွဲ ၁၂နာရီခွဲတွင် ကျောက်ဆည်မြို့သို့ သွားရောက်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ အမှုဆောင်အရာရှိ ဦးခင်ဇော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသောင်းလွင်တို့၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြက်ဆူဆီဖြင့် စမ်းသပ်မောင်းနှင်နေသော ငှက္ကတောင်ကျေးရွာရှိ အလှူရှင် စက်ရေတွင်းအား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ လေးလက်မ စက်ရေတွင်းသည် အနက်ပေ ၅၄၀ရှိပြီး မြင်းကောင်ရေ ၂၂ကောင်တပ်ဆင်ထားပြီး ကြက်ဆူဆီဖြင့် မောင်းနှင်ရာ တစ်နာရီလျှင် ရေဂါလန် ၁၂၀၀ ထွက်သည်။ (သတင်းစဉ်)

မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဦးမျိုးသိန်း(မျိုးသိမ်းပွဲရုံ) သည် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ဖေဖော်ဝါရီ ၅ရက်က ကစားဖော်များဖြစ်ကြသော ဒေါက်တာပာံဝင်း၊ ဦးမြင့်အောင်၊ ဦးအောင်ခင်ဆင့်တို့နှင့် အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၆)သို့ ၁၃၃ကိုက်အကွာမှ PRECEPT NO.22 ဘောလုံးကို KING COBRA NO.9တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) ကျန်စစ်သားလမ်းနေ ဦးပိုက်-ဒေါ်သင်းသင်း(ရသာကောင်းကဖေး) မိသားစုက ငွေကျပ် ၁၅၀၀၀၀ ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ ကွယ်လွန်သူ ဦးသန်းထူး (TTC ကျောင်းသားဟောင်း)အား ရည်စူး၍ ကျန်ရစ်သူ မိသားစုက အလှူငွေကျပ်တစ်သိန်းကို စိန်ရတနာ နာရေးကူညီမှုအသင်း (အင်းစိန်)သို့ လှူဒါန်းရာ တွဲဖက် အတွင်းရေးမှူး(၂) ဦးလှသိန်းနှင့် အဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၂-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၀၅ ၇။ အကပြိုင်ပွဲ
၈:၁၀ ၈။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၂၅ ၉။ ဓိုက္ကရဲရေထိန်းတံခါး
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၀၀ ၁။ **၂၀၀၆ခုနှစ်(၅၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဒိုင်းဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်(ဗိုလ်လုပွဲ) ရေဝတီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်း**
၄:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၅ ၃။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၀၅ ၄။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၅။ ညနေခင်းသတင်း
၆:၃၀ ၆။ မိုးလေဝသအခြေအနေ
၆:၃၅ ၇။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေးပုရွက်ဆိတ်လေး"(အပိုင်း-၆၂)**
၆:၅၀ ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လှေကားထစ်လေးများ" (အပိုင်း-၃၇)**
၇:၄၅ ၉။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရင့်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ(အသီးတစ်ရာအညှာ တစ်ခု ဒို့ပြည်ထောင်စု)
၈:၀၀ ၁၀။ ပြည်တွင်းသတင်း
၁၁။ နိုင်ငံတကာသတင်းများ
၁၂။ မိုးလေဝသအခြေအနေ
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဘွယ်နေ့ကလေးများ" (အပိုင်း-၈)**
၁၄။ နောက်တစ်နေ့အစီအစဉ်
၁၅။ အစီအစဉ်ပြီး၏။

မီးဘေးရှောင် မလောင်ခင်တား

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန်နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ခေတ်မီဘက်စုံ တည်ဆောက်ရေးနှင့် ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှုဟူ၍ ခေါင်းစဉ်နှစ်မျိုးဖြင့် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးသန်းထွန်း ဒုတိယညွှန်ကြားရေးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့ ဖေဖော်ဝါရီ ၁၄ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်းပေးပို့ရမည်ဖြစ်သည်။ ဓာတ်ပုံဝါသနာရှင်များအနေဖြင့် အချိန်မီဝင်ရောက် ယှဉ်ပြိုင်နိုင်ကြရန် သက်ဆိုင်ရာမှ ကြေညာချက်ထုတ်ပြန်ထားသည်။ (သတင်းစဉ်)



မော်လမြိုင်မြို့ ပရိယတ္တိ သဒ္ဓမ္မပါလအသင်း၏ (၇၅)နှစ်မြောက်စိန်ရတုအထိမ်းအမှတ် ဓမ္မသဘင်တရားပွဲကို ဖေဖော်ဝါရီ ၂ရက်ညက ဒိုင်းဝန်ကွင်း မြို့ပေါက်ဝ အောက်ကျင်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ ဓမ္မသဘင်မဏ္ဍပ်၌ ကျင်းပရာ မင်းကျောင်းစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ သိရီနာဂိန္ဒာဘိဝံသက နိဗ္ဗာန်ရောက်ကြောင်းတရားချီးမြှင့်စဉ်။ (၂၅၇)

ဆုတောင်းပြည့်စေတီ ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၆

ရန်ကင်းမြို့နယ် (၅)ရပ်ကွက် ပညာဝတီရိပ်သာ ကျောင်းတိုက်အတွင်းရှိ ကုဏ္ဍာသယ ဆုတောင်းပြည့် စေတီတော်မြတ်အား ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ရွှေမျက်ပါး သင်္ကန်းကပ်လှူခြင်း၊ ရွှေထီး တော်သစ်တင်လှူမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၁နာရီ ထီးတင်လှူပြီး ညနေ ဆွမ်းတော်ကြီး ကပ်လှူကာ၊ ဖေဖော်ဝါရီ ၁၂ရက် ညနေ ၄နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာ ၄၅ပါး တို့အား ဆွမ်းဆန်စိမ်း လောင်းလှူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်း၊ မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပေါကြွယ်နှင့် ရွာသူ၊ ရွာသားများ ဇန်နဝါရီ ၁ရက်က မြို့သစ်မြို့ ဘုရားကြီးရပ်ကွက်တွင် စပေါင်း ကြက်ဆူပင် ပျိုးပွဲတော်ကျင်းပစဉ်။ (က-ပ)

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုသဘင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၆

ဒိုက်ဦးမြို့နယ်အသင်း (ရန်ကုန်) နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲ၊ (၂၅)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို ဖေဖော်ဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသက်(၇၅)နှစ်ပြည့်ပြီး ကန်တော့ခံ အသင်းဝင်ပုဂ္ဂိုလ်များ၊ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ထားသူ၊ ရန်ကုန်မြို့မှ အသင်းဝင်များ၏ သား၊ သမီးများ၊ ဒိုက်ဦးမြို့နယ်မှ အမှတ်အများဆုံး သုံးဦးနှင့် ဆရာဦးပု၊ ဆရာဦးချစ်ဆွေ၊ ဆရာမဒေါ်အေးကြည်၏ပညာသင် ထောက်ပံ့ကြေးဆုရရှိရန် အတည်ပြုထားသော ဒိုက်ဦး အထကမှ အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများ၏ စာရင်းကို ဖေဖော်ဝါရီ ၁၀ ရက် (သောကြာနေ့) နောက်ဆုံးထား၍ နာယက ဦးမောင်မောင်ဌေး ဖုန်း-၃၇၃၉၇၇၊ ဦးသောင်း (နာယက) ဖုန်း-၂၅၄၁၀၈၊ ဗိုလ်မှူးဘဝင်း(ငြိမ်း) ဥက္ကဋ္ဌ ဖုန်း-၅၆၅၄၂၁၊ ဦးတင်န (ဒုတိယ ဥက္ကဋ္ဌ) ဖုန်း-၅၈၄၂၆၆ တို့ထံ ဆက်သွယ်စာရင်းပို့ကြရန်ဖြစ်သည်။ (က-ပ)

အလုံ အထက(၁) မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၆

အလုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၅၅)နှစ်ပြည့်ပြီး လုပ်သက် (၂၅)နှစ်ပြည့်ဆရာကြီး ဆရာမကြီး များအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဒုတိယအကြိမ် ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁ရက် နံနက် ၉နာရီတွင် အလုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆရာကြီး ဆရာမကြီးများအားလုံး (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) ကြွရောက်ချီးမြှင့်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ (နှစ်အကန့်အသတ်မရှိ) အားလုံး မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

လှူဒါန်းပူဇော်လိုသော ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်တင် ဖုန်း-၂၂၀၅၉၈၊ ဒေါ်မြင့်မြင့်စိန် ဖုန်း-၅၀၂၇၅၂၊ ဒေါက်တာလွင်လွင်ဦးလှိုင် ဖုန်း-၅၇၈၉၉၆၊ ကိုအောင်ကျော်ဆန်း ဖုန်း-၀၉-၅၀၀၆၇၁၁၊ စောထီးဆက် ဖုန်း-၀၉-၅၁၃၂၂၃၆၊ မသီတာထွေး ဖုန်း-၀၉-၅၁၁၁၅၂၂ တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၆

ဦးဇော်ဝင်း (မြန်မာ့မီးရထား) သည် ကစားဖော်များဖြစ်ကြသော ဦးစိုးဝင်း၊ ဦးမင်းသူ၊ ဦးထိန်ဝင်း၊ ဦးဘအေး တို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Srixon No. (2) ဘောလုံးကို Wilson (Power Chamber) No. (8) တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၂ ကိုက် အကွာအဝေးတွင်ရှိသော အမှတ် (၁၇) ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ သုဝဏ္ဏ (၂၉) ရပ်ကွက်၊ မီးဒုံးလမ်း၊ တိုက်-၁၇ နေ ကိုရန်နိုင်စိုး၊ မနီလာကျော်မိသားစုနှင့် ကွယ်လွန်သူ ဒေါ်တင်တင် (ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)အား ရည်စူး၍ ဦးစိုးမြင့်၊ ဒေါ်ခင်စိန်ဝင်းမိသားစုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ချယ်လ်ဆီးနှင့် စပါးအနိုင်ရ

လန်ဒန် ဖေဖော်ဝါရီ ၆

နောက်ဆုံးကစားခဲ့သည့် ဘောလုံးပွဲများတွင် သုံးပွဲဆက်တိုက် သရေကျသော ရလဒ်နှင့်သာ ကျေနပ်ခဲ့ရသည့် ချယ်လ်ဆီးအသင်းသည် တနင်္ဂနွေနေ့က ကျင်းပသော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၌ လီဗာပူးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်ပြီး အမှတ်ပေးဇယား၌ ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ချယ်လ်ဆီးအသင်းသည် ဒုတိယနေရာတွင် ရှိနေသည့် မန်ချက်စတာ ယူနိုက်တက်အသင်းကို ၁၅မှတ်အသာဖြင့် ဖြတ်ထားနိုင်ပြီဖြစ်သည်။

ချန်ပီယံ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၏ ပွဲနှစ်ပွဲတွင်လည်းကောင်း၊ အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ၏ ပွဲတစ်ပွဲတွင်လည်းကောင်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျသည့်ရလဒ်ကို သုံးပွဲဆက်တိုက် လက်ခံခဲ့ရသည်။ စတမ်းဖို့ဘရစ်ချ်ကွင်းတွင် ချယ်လ်ဆီးအသင်းနှင့် အမှတ်ပေးဇယား၌ တတိယနေရာတွင်ရှိနေသော လီဗာပူးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

တနင်္ဂနွေနေ့က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် လီဗာပူး အသင်းမှ ဇာဘီအလွန်ဆိုနှင့် ချယ်လ်ဆီးအသင်းမှ ဖရန့်ခ်လမ်းပတ်တို့ ဘောလုံးကို အပြိုင်အဆိုင်ခေါင်းတိုက်ကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တနင်္ဂနွေနေ့က ကျင်းပသော ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ချယ်လ်တန်အသင်းမှ မားကပ်စ်ဘန့် (ဝဲ) ရရှိထားသည့်ဘောလုံးကို စပါးအသင်းမှ မိုက်ကယ်ကားရစ် ဖျက်ထုတ်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပထမပိုင်းမပြီးဆုံးမီ ၁၀ မိနစ်အလိုတွင် ချယ်လ်ဆီးအသင်းမှ နောက်တန်းလူ ဝီလျံဂေါလက်စ်က အနီးကပ်ကန်သွင်းယူခဲ့ရာ ဂိုးဝင်သွားခဲ့သည်။

ပွဲချိန် ၆၈ မိနစ်တွင် ဟာနန်ခရက်စပိုက ထောင့်ဖြတ်ကန်သွင်းချက်ဖြင့် ဂိုးသွင်းယူခဲ့ပြီး ချယ်လ်ဆီးအောင်ပွဲခံခဲ့သည်။ ပွဲချိန် ၈၂ မိနစ်တွင် ချယ်လ်ဆီးအသင်းမှ ရော်ဘင်၏ မျက်နှာကို လက်ဖြင့် တမင်ပုတ်ထုတ်ခြင်းကြောင့် လီဗာပူးဂိုးသမား ရေနာ ထုတ်ပယ်ခံခဲ့ရသည်။

စပါး-ချယ်လ်တန်

တနင်္ဂနွေနေ့အစောပိုင်းက ဝှိုက်ဟတ်လိန်းကွင်းတွင် ကျင်းပသည့် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ချာလ်တန်အသင်းတို့၏ပွဲတွင် စပါးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယင်းပွဲတွင် အင်္ဂလန်တိုက်စစ်မှူး ဂျာမိန်းဒီဖိုးတစ်ဦးတည်းက နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ပွဲချိန် ၁၃မိနစ်တွင် ဒီဖိုးက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ ဒီဖိုးသည် ၎င်း၏ ယခင်ကလပ်အသင်းဖြစ်သော ချာလ်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရသည့်ပွဲတွင် သွက်သွက်လက်လက် လှုပ်လှုပ်ရှားရှားကစားခဲ့ပြီး ဂိုးသွင်းနိုင်ရန် တစိုက်မတ်မတ်ကြိုးပမ်းနေခဲ့သည်။ စပါးအသင်းမှ ဂျင်းနက်စ်က ပို့ပေးလိုက်သည့် ဘောလုံးကို ဒီဖိုးက ချာလ်တန်အသင်း၏ နောက်တန်းလူများကြားမှ ဆွဲယူပြေးပြီး ထိုးဖောက်ကစားခဲ့သည်။ ယင်းနောက် ချာလ်တန်အသင်းမှ လုခ်ယန်း ဟန်ချက်လွဲပြီးလွတ်သွားသောဘောလုံးကို ဒီဖိုးကပင် ပြန်လည်ထိန်းချုပ်ရယူလိုက်ပြီး ဂိုးသွင်းခဲ့ရာ ချာလ်တန်ဂိုးသမား မိုင်ယာမှာ ကာကွယ်နိုင်ခြင်းမရှိခဲ့ပေ။

ပထမပိုင်း မပြီးဆုံးမီ ငါးမိနစ်အလိုတွင် ချာလ်တန်အသင်း၏ နောက်တန်းလူများ တစ်ကွဲတစ်ပြားဖြစ်နေချိန်၌ ရော်ဘီကိန်းဖြတ်ပို့ပေးလိုက်သော ဘောလုံးကို ဂျင်းနက်စ်က ကန်သွင်းယူရာ ဂိုးဝင်သွားခဲ့သည်။

ဒုတိယပိုင်းစစချင်း ၄၅ စက္ကန့်မျှသာကြာမြင့်သေးချိန်တွင် စပါးအသင်းက တတိယမြောက် ဂိုးရရှိခဲ့ရာ ချာလ်တန်အသင်းမှာ မျှော်လင့်ချက် ပျောက်ကွယ်ခဲ့ရသည်။ စပါးအသင်းမှ ဟတ်ဒယ်စတုန်းက ဒီဖိုးထံသို့ ချပေး လိုက်သည့် ဘောလုံးကို ချာလ်တန်အသင်းမှ ယန်းက ဖျက်ထုတ်နိုင်ရန် ကြိုးပမ်းသော်လည်း ဒီဖိုးက ခပ်ပြင်းပြင်းကန်သွင်းလိုက်ရာ ရှေ့ထွက်လာသည့် ဂိုးသမား မိုင်ယာမှာ ကာကွယ်နိုင်ခြင်းမရှိခဲ့ပေ။ ***အင်တာနက်။***

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပါဝင်ကစား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျော့ပေး)ပြိုင်ပွဲ ပထမနှင့် အသင်းလိုက်(အကျော့မဲ့) ပြိုင်ပွဲ ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းခေါင်းဆောင်အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၆

၂၀၀၅ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၄ ရက်နံနက် ၆ နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း (Yedagun Taung Golf Resort)၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပါဝင်ကစားသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဝန်ကြီးဌာနအသင်းများ၊ တရားရုံးချုပ်အသင်း၊ ရှေ့နေချုပ်ရုံးအသင်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အသင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ **နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး**
✻ **အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး**
✻ **ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး**
✻ **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး**

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ **စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
✻ **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး**
✻ **ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
✻ **နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး**

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ **တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး**
✻ **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး**
✻ **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**
✻ **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်ထောင်စုနေ့ပြခန်း ခင်းကျင်းပြသမှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းလိုက်ပါလျက် ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမသို့ ရောက်ရှိလာရာ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြခန်းခင်းကျင်းပြသရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြခန်း၏ ဇာတ်ပြကွက်ကို ကြည့်ရှုရာ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြခန်းခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပြခန်းအတွင်း ပြသထားသော ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြကွက်များ၊ ကွန်ပျူတာဉာဏ်စမ်းပဟေဠိနှင့် Soft Guide Language Lab ပြခန်းတို့ကို လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာ ပြခန်းတာဝန်ခံများက ရှင်းလင်းပြသကြပြီး ပြခန်းမှပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

☆ *ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးကြီးလှသည့် တစ်စိတ်တစ်ဝမ်းတည်းသော ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းရှင်သန်နေရေးအတွက် လေ့ကျင့်ပေးကြရမည်ဖြစ်သည်။* (ခေါင်းကြီး၊ စာ–၂)

☆ *ယနေ့နိုင်ငံတော်က တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့်ယှဉ်ပြီး ချမှတ်ထားသည့် ဒို့တာဝန်အရေးသုံးပါးသည် ထာဝရ မှန်ကန်နေမည့် အမျိုးသားမူဝါဒဖြစ်သည်။ ထို့ပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်သည် ကြောင်းကျိုးဆီလျော် မှန်ကန်သည့် လုပ်ငန်းစဉ်များဖြစ်သည်။ ဤမူဝါဒများကို အခြေခံပြီး ပြည်ထောင်စုကြီး အစဉ်ရှင်သန် ဖွံ့ဖြိုးတိုးတက်နေစေရန်နှင့် ကမ္ဘာ့အလယ်တွင် ထည်ဝါတောင့်တင်းခိုင်မာသည့် ပြည်ထောင်စုရိပ်မြုံကြီး ဖြစ်တည်နေစေရန် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်သွားကြရမည်ဖြစ်သည်။*
မောင်ငြိမ်းချမ်း၏ **"ထာဝရ ရှင်သန်ဖွံ့ဖြိုးနေမည့် ပြည်ထောင်စုရိပ်မြုံကြီး"** (ဆောင်းပါး၊ စာမျက်နှာ– ၆)

☆ စိုးမိုး(ပုသိမ်)၏ **"ပြည်ထောင်စု၏ နိမိတ်ပုံ"** (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုကဗျာ (စာမျက်နှာ–၇)



**အသီးတစ်ရာ
အညှာတစ်ခု
ဒို့ပြည်ထောင်စု**